၃၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ရုံးခွန်တံဆိပ်ခေါင်း
၅၀ ကျပ် K 50

စစ်တွေခရိုင် **တရားမရုံးတော်၌။**

၂၀၁၆ ခုနှစ်တရားမကြီးမှု အမှတ်-၁

၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ လ ၁၉ ရက်။

ဒေါ်ချင်းမ နှင့် (၁) ဦးလှဖော်သူ
(၂) ဦးကျော်ဆန်း (ခ) ကျော်ဆန်းဝင်း
(၃) ဦးအောင်ညွန့်ဝင်း

( တရားလို ) ( တရားပြိုင် )

စစ်ဆေးပြီးမှန်ကန်ကြောင်း တာဝန်ယူပါသည်။
တာဝန်ခံမိတ္တူမှန်

တရားလိုအတွက် - တရားလွှတ်တော် ရှေ့နေ ဦးစောလှိုင်
(၁)(၂)တရားပြိုင်တို့အတွက် - တရားလွှတ်တော် ရှေ့နေ ဒေါ်ဖြူဖြူလှိုင်
(၃)တရားပြိုင် အတွက် - မလာပါ။

ကုန်ဖိုးကျန်ငွေ ၄၄၃၅၁၅၅၃ (ကျပ်သိန်းလေးရာလေးဆယ့်သုံးသိန်းငါးသောင်းတစ်ထောင် ငါးရာငါးဆယ့်သုံးတိတိ) ရလိုမှု နှင့် အဆိုပါငွေ အတွက် ပေးဆပ်သည့် နေ့ အထိ ရုံး အတိုး နှင့် တကွ ရလိုမှု

**စီ ရင် ချက်**

အခွင့်ရအရာရှိ
(စင်မိုးစန္ဒာ)
ဒုတိယဦးစီးမှူး
စစ်တွေခရိုင်တရားရုံး

တရားလို ဒေါ်ချင်းမ ၏ အဆိုလွှာ အရ တရားလိုနှင့် တရားပြိုင် များတို့သည် တရားလို ၏ ခင်ပွန်းဘက်မှ ဆွေမျိုးရင်းချာများဖြစ်ကြ၍ တရားလိုနှင့် လည်း တရားလို ၏ ခင်ပွန်း နှင့် ပတ်သက်၍ ဆွေမျိုးတော်စပ်ကြသူများဖြစ်ကြသည့် အလျောက် တရားပြိုင်မိသားစု စားဝတ်နေရေး အဆင်ပြေစေ ရေးအတွက် တရားလိုဘက်မှ ငွေကြေး စိုက်ထုတ်ပြီးဆန်စပါး အရောင်းအဝယ် လုပ်ငန်းလုပ်ကိုင်စေရန် ထုတ်ပေး သည့်ငွေ အား အရင်းမပျက်စေဘဲ ရရှိလာသည့် အကျိုးအမြတ်အပေါ် အချိုးကျခွဲဝေစားကြရန် သဘော တူညီချက်ဖြင့် ငွေကြေးများ ထုတ်ပေးခဲ့ကြောင်း ၊ ဆောင်ရွက်ရာ တွင် မှန်ကန်မှု မရှိကြောင်း တွေ့ရှိလာသည့်အတွက် စာရင်း ဇယား များတောင်းခံရာတွင် (၈-၆-၂၀၁၃) နေ့ဖော်ပြသည့် စာရင်းတွင် မည်သည့် ပစ္စည်းများမှ မဝယ်ဘဲ ငွေကျပ် (၁၉၂၈၄၄၉၂) ကို စာရင်း တွင် ထည့်သွင်း တောင်းခံထား သည်ကို တွေ့ရှိရ၍ ဦးလှဖော်သူ အား အသိပေးခဲ့ကြောင်း ၊ ၎င်းမှာ ပုံမှန် လာရောက်မှု မရှိဘဲ အကြောင်း အမျိုးမျိုး ပြကာ ရှင်းလင်းရန်ပျက်ကွက် ပါသဖြင့် စာရင်း ရှင်းလင်း ကြရန် ခေါ်ခဲ့ကြောင်း ၊ နောက်ဆုံး အကြိမ် တရားလို နေထိုင်ရာ စစ်တွေမြို့ ကမ်းနား လမ်း နေအိမ်သို့ ဦးလှဖော်သူနှင့် သားဖြစ်သူ ဦးကျော်ဆန်း တို့ရောက်ရှိလာကြ ကြောင်း ၊ ဦးထွန်းသာ ၊ ဦးမောင်လှကျော် တို့ ရှေ့မှောက် တွင် စာရင်းရှင်းလင်းရန် ညှိနှိုင်းကြရာ၌ တရားလို များဘက်မှ စပါးဝယ်ယူ ခြင်း၊ စပါးကြိတ်ခြင်း၊ သယ်ချစရိတ် စသည်များ အပါအဝင် သဘော်အကြိမ် အလိုက် တင်ပို့သည့် ဆန်အိတ်၊ စပါးများ သည် သင်္ဘော်တင်ပြေစာမူရင်းကို ပြည့်စုံစွာမရှိသည့်အတွက် ဦးလှဖော်သူ စာရင်း ကို အခြေခံပြီး သင်္ဘော်တင်ပို့ ပမာဏအတိုင်း ညှိနှိုင်းရန် နှင့် တင်ပို့သည့် ဆန်အိတ်များ ကို ရန်ကုန်ဆန်စက် အသီးသီးတွင် လက်ခံရရှိခြင်း၊ စက်ကြိတ်ခြင်း၊ ရောင်းချသည့် အိတ် အရေ အတွက် ကို အခြေခံကာ ဦးလှဖော်သူ ၏ စာရင်းနှင့် တိုက်ဆိုင်ပြီး ဆောင်ရွက်ရန် ရန်ကုန်စက် များမှ ထုတ်ပေး သည့် မူရင်းပြေစာများမရှိသည့် အတွက် ရန်ကုန်တာဝန်ခံ ဦးကျော်ဆန်း ၏ ရှင်းလင်းပေးပို့သော

ပုံ/ x x x
(ကျော်မိုးဝင်း)
ဒုတိယခရိုင်တရားသူကြီး (၁)
စစ်တွေခရိုင်တရားရုံး

ပြေစာများနှင့် ရှင်းလင်း ပြေစာ မရှိသော ခေါက်ဇရများကိုအခြေခံပြီး ရှင်းလင်းရန် တရားလိုဘက်မှ လက်ခံခဲ့သော်လည်း တရာပြိုင်များမှ ရှင်းလင်းပေးမှု မပြု ခဲ့ကြောင်း ၊ စာရင်း ရှင်းခြင်း မပြုသဖြင့် (၂၆-၁-၂၀၁၅) ရက်နေ့တွင် နှစ်ဦးနှစ်ဘက် သဘောတူညီချက် စာချုပ်ပြုလုပ် လက်မှတ်ရေး ထိုးခဲ့ကြကြောင်း ၊ တရားလို နှင့် အမှတ် (၁) တရားပြိုင်တို့၏ ၁၃-၁-၂၀၁၃ နေ့မှ ၁၂-၉-၂၀၁၃ နေ့အထိ ရန်ကုန်မြို့ သို့ ဆန်စပါးရောင်းချသည့် ငွေစာရင်းရှင်းတမ်းတွင် တရားလိုမှ တရားပြိုင်သို့ အလီလီ ထုတ်ပေးထားသော ငွေမှ ငွေထုတ်ဘောင်ချာ၊ ငွေထုတ်လက်မှတ်ထိုးစာအုပ်အရ တန်ဖိုးငွေ မှာ ကျပ် (၅၃၁၄၁၃၈၀၀)ကျပ် ရှိခဲ့ကြောင်း ၊ ထို့အပြင် တရားလို မှ ဦးလှဖော်သူ ဆန်စပါးဝယ်ယူမှု လုပ်ငန်းတွင် အသုံးပြုရန်အတွက် တယ်လီဖုန်း၊ အိတ်ချုပ်စက် ဂုံနီခွံနှင့် ငွေလွှဲခများ အဖြစ်ကုန် ထုတ်သုံးထားငွေမှာ ကျပ် (၅၉၇၇၉၀၀) ကျန်ရှိကြောင်း ၊ အလီလီ လွှဲပြောင်း ထုတ်ပေးငွေ နှင့် လုပ်ငန်းသုံးအတွက် ထုတ်သုံးထားငွေ စုစုပေါင်းမှာ (၅၃၇၃၉၁၇၀၀) ကျပ်ဖြစ်ကြောင်း ၊ ဦးလှဖော်သူ မှ ရန်ကုန်မြို့ သို့ ကုန်ဝယ်ယူတင်ပို့သည်မှာ အပတ်စဉ် (၂၁)ကြိမ် စုစုပေါင်း (၂၁) ကြိမ်ရှိ ကြောင်း ၊ ယင်း (၂၁)ကြိမ် ၏ အဝယ်တန်ဖိုး၊ ရောင်းချမှု တန်ဖိုးမှာ ဦးလှဖော်သူ နှင့် ဦးကျော်ဆန်း တို့မှပေးပို့ထားသော ရှင်းတမ်းများကို အခြေခံ ရေးဆွဲထားခြင်း ဖြစ်ပြီး နောက်ဆက်တွဲ (က)ဖြင့် ဖော်ပြထားကြောင်း ၊ ဦးလှဖော်သူ အနေဖြင့် စုစုပေါင်း ထုတ်ယူငွေ (၅၃၇၃၉၁၇၀၀) ကျပ်ဖြစ် ကြောင်း ကို အစီရင်ခံစာ အပိုဒ် (၃) တွင် ဖော်ပြ ထားကြောင်း ၊ ကုန်ဝယ်မှု တန်ဖိုးမှာကျပ် (၅၂၇၇၅၃၆၄၃) ကျပ် ဖြစ်ပြီး ဦးလှဖော်သူ ထံမှ ရရန်ငွေမှာ (၉၆၃၈၀၅၇) ကျပ်ဖြစ်ကြောင်း ၊ အပါတ်စဉ် (၁)ကို ပုလဲရွှေစင် သင်္ဘောဖြင့် ပေါက်တော မှ ရန်ကုန် သို့ ဆန်တင်ပို့ရာတွင် ငွေထုတ်ပေးသော ဒေါ်ချင်းမနှင့် ဦးလှဖော်သူ ၏သားဖြစ်သူ ဦးကျော်ဆန်း တို့ ကိုယ်တိုင်ပွဲရုံသို့သွားရောက်ရောင်းချခဲ့သဖြင့် အမြတ်ငွေ (၉၁၃၄၂၇) ကျပ်ရရှိခဲ့ကြောင်း ၊ အပါတ်စဉ် (၂) ဘောဂဝတီ သင်္ဘောဖြင့် တင်ပို့ရာတွင် ကုန်ဝယ်၊ ကုန်ရောင်း၊ ရှင်းတမ်း အရ ကိုက်ညီမှုရှိကြောင်း ၊ အပါတ်စဉ်(၃)+(၄) ပို့ရာတွင် စိန်မင်းသား သင်္ဘော နှင့် အောင်သုခ သင်္ဘော ဖြင့် တင်ပို့ခဲ့ကြောင်း ၊ ယင်းသို့တင်ပို့ရာတွင် ဦးကျော်ဆန်း ၏ ကုန်ရောင်းရှင်းတမ်းအရ ပျက်စီးသွားသည် ဆန်အိတ်များအတွက် သင်္ဘောမှ လျော်ကြေး ရရန် (၂၂၆၄၅၈) ကျပ် ကျန်ရှိသည်ဟု ဦးကျော်ဆန်း ရှင်းတမ်းတွင် ဖော်ပြထားကြောင်း ၊ ထို့ကြောင့် ကုန်ပို့သူ ဖြစ်သော ဦးလှဖော်သူထံမှ ငွေကျပ် (၂၂၆၃၅၈) ကျပ် ရရန်ကျပ်ရှိကြောင်း ၊ အပတ်စဉ် (၁၂)+(၁၃)တွင် ဦးလှဖော်သူမှ ရန်ကုန်သို့ တင်ပို့ဆန်အိတ် (၃၄၂၇) အိတ် တန်ဖိုးကျပ် (၅၀၁၄၁၈၉၄) ကျပ် ဖြစ်သော်လည်း ကုန်ဝယ်ရှင်းတမ်းတွင် ယင်းငွေအပြင် လုံးဝ ကုန်သယ်မှု မရှိဘဲ ဦးလှဖော်သူ ငွေ (၁၉၂၈၄၄၃၈)ကျပ် ကိုနုတ်ယူသုံးစွဲထားသည် ကို ဦးလှဖော်သူ ရှင်းတမ်းတွင် တွေ့ရှိရ ကြောင်း ၊ ထို့ကြောင့် ဦးလှဖော်သူ သည် ယင်းငွေကို ဒေါ်ချင်းမသို့ ပေးရန် ကျန်ရှိ ကြောင်း ၊ အပါတ်စဉ် (၁၄)ကို ဦးလှဖော်သူမှ ငွေဝန်းသော်တာ သင်္ဘောဖြင့် အပို့ရှိသော်လည်း ကုန်လက်ခံသူနှင့် ကုန်ရောင်းချသူ ဦးကျော်ဆန်း မှ အရောင်း ရှင်းတမ်း မပို့သေးကြောင်း ၊ အပါတ်စဉ် (၁၅) တွင် အဝယ်ရှင်းတမ်း၊ အရောင်းရှင်းတမ်း တို့ ကိုက်ညီမှုရှိကြောင်း ၊ အပါတ်စဉ် (၁၆) တွင် ဆန် (၄၆) အိတ်ကို အလျော့စာရင်း ပြထားကြောင်း ၊ မည်သည့်အတွက် လျော့နည်း ခြင်းဖြစ်သည်ကို ဖော်ပြမထား သည့်အတွက် ယင်းဆန် (၄၆) အိတ်မှာ အရောင်းတာဝန်ခံဖြစ်သူ ဦးကျော်ဆန်း မှ မတင်ပြနိုင်ပါက အရောင်းတာဝန်ခံ ဦးကျော်ဆန်းမှ ပေးလျော်ရန် တာဝန်ရှိမည် ဖြစ်ကြောင်း ၊ အပါတ်စဉ် (၁၇)တွင် စပါး (၄၅၂) အိတ်ပို့သည့် အနက် ငစိန်စပါး (၂၃၀) ကို ရန်ကုန် တွင် စက်ကြိတ်ရာ ဆန်ဖြူ (၈၉-၉၀) အိတ်ရကြောင်း ၊ ယင်းဆန်အိတ်များ ကိုရောင်းချပြီးသော်လည်း ဦးကျော်ဆန်း မှ ငွေမရှင်းသေးကြောင်း ၊ ဦးကျော်ဆန်း ၏ ပေးပို့သော ငွေစာရင်း ရှင်းတမ်းကို စစ်ဆေးရာတွင် ဦးကျော်ဆန်းမှ ဖခင်ဖြစ်သူ ဦးလှဖော်သူ ထံသို့ ပေးပို့ သောငွေ (၁၇၅၀၀၀၀၀)ကျပ်ကို ဦးလှဖော်သူ ထံသို့ လွှဲပြောင်းပေးပို့ ထားကြောင်း တွေ့ရှိရ ကြောင်း ၊ ဦးလှဖော်သူ နှင့် ဦးကျော်ဆန်း တို့ထံမှ ရရှိရန် ကျန်ရှိ နေသော ငွေနှင့် ပစ္စည်းစာရင်းကို အစီရင်ခံစာပါစာပိုဒ်များကို ရည်ညွှန်းပြီး နောက်ဆက်တွဲ ဇယား(ခ) ဖြင့် ဖော်ပြထားကြောင်း ၊ ယင်းနောက်ဆက်တွဲဇယား (ခ) အရ ဦးလှဖော်သူ နှင့် ဦးကျော်ဆန်း တို့ထံမှ ရရန် ကျန်ငွေ

စစ်ဆေးပြီးမှန်ကန်ကြောင်း
တာဝန်ယူပါသည်။
တာဝန်ခံမိတ္တူမှန်

အခွင့်ရအရာရှိ
(signature) 6.3.18
(ခင်မျိုးဝန္ဒာ)
ဒုတိယဦးစီးမှူး
စစ်တွေခရိုင်တရားရုံး

(signature)

ပုံ/ x x x
(ကျော်မိုးဝင်း)
ဒုတိယခရိုင်တရားသူကြီး (၁)
စစ်တွေခရိုင်တရားရုံး

(၂၉၁၀၄၀၅၃) ကျပ် နှင့် ရရန်ကျန်ရှိသည့်ဆန်အိတ် ပေါင်း (၁၀၁၆.၅၀) အိတ်အတွက် သင့်ငွေ ၁၅၂၄၇၅၈၀ ကို တန်ဖိုး တွက်ချက်ပြီး စုစုပေါင်း ရရန်ကျန်ငွေ ၄၄၃၅၁၅၃ ဖြစ်ကြောင်း ။ ဒေါ်ချင်းမနှင့် ဦးလှဖော်သူ တို့၏ ဆန်စပါးတင်ပို့ခြင်း လုပ်ငန်း၏ စာရင်းများ၊ အထောက် အထားများ၊ ခိုင်လုံမှု ရှိမရှိကို နှစ်ဦးရှေ့တွင် သဘော်ပြေစာ မူရင်း ။ ရန်ကုန်မှ စက်ကြိတ် ပြေစာမူရင်းများကို ဦးလှဖော်သူ တင်ပြသည့် စာရင်းများ နှင့် တိုက်ဆိုင် စစ်ဆေးကြည့်ရန် မူရင်းပြေစာများကို တောင်းကြည့်သော်လည်း မူရင်းစာများမရှိ ကြောင်း သိရှိသဖြင့် ဦးလှဖော်သူ ၏ ဆန်စပါးပို့သည့် (သဘော်တင်သည့်) စာရင်းနှင့် ရန်ကုန် စက်ကြိတ် လက်ခံ ရရှိသည့်ပြေစာ မူရင်းများတောင်းခံရာ စာရင်းမှန်တင်ပြမှုမရှိခဲ့ပါသဖြင့် စက်မှ လက်ခံရရှိသည့် ဦးကျော်ဆန်း ထံမှ ပေးပို့သော ပြေစာများနှင့် သာ စီစစ်ကြည့် ခဲ့ကြောင်း ။ စာရင်းစစ်ဆေးသည့် သဘောမဟုတ်ဘဲ လုံးတီးပို့ခြင်း၊ စပါးပို့ခြင်းများမှ ပို့သည့် အရေအတွက် အတိုင်းရရှိခဲ့ခြင်း ရှိမရှိ ကို သိလိုသည့် အတွက် လည်းကောင်း ။ ဦးလှဖော်သူ အား သည့်နေ့ တွင်မှ အထူးသဖြင့် ဦးလှဖော်သူ စစ်တွေ သို့လာသည့်အချိန် မှသာငင်း၏စာရင်း မှန်မမှန်ကို ကြည့်ရှုရခြင်းဖြစ်ရာ တစ်လတစ်ကြိမ် နှစ်လ တစ်ကြိမ်ခန့်သာ ဆောင်ရွက်နိုင်ခဲ့ရ ကြောင်း ။ ဦးလှဖော်သူ ပို့သည် လုံးဘီဆန်စာရင်း နှင့် ရန်ကုန် မှ ဦးကျော်ဆန်း ၏ ပြေစာ အရ စက်မှလက်ခံသည့် ဆန်အိတ်အ ရေအတွက်ကွာခြားမှုရှိခြင်း၊ ပို့သည့်ဆန်အိတ်ကနည်းပြီး၊ ရရှိ သည့် ဆန်အိတ်က များနေခြင်း သည် ဆန်အိတ်၏တန်ဖိုး (ဆန်ဈေး) ကိုဦးကျော်ဆန်း မှ နှုတ်ယူပြီး ပို့လိုက်သည် စာရင်းအရ ဆန်အိတ်တန်ဖိုးကိုသာ ဒေါ်ချင်းမသို့ငွေပေးချထားခြင်း၊ တခါတရံ လျော့သည့် ဆန်အိတ် အရေအတွက် ကိုဦးကျော်ဆန်းမှ စိုက်ပေးခြင်းများရှိ ကြောင်း ။ ဒေါ်ချင်းမ သည် ငွေစိုက် ထုတ်ပြီး ဦးလှဖော်သူ က လုပ်ငန်း လုပ်ကိုင်သူ တစ်ဦးဖြစ် ကြောင်း ။ ဦးလှဖော်သူစာရင်းအရ ပို့သည့်ဆန်အိတ် နှင့် ဦးကျော်ဆန်း လက်ခံ သည့် ဆန်အိတ်များ ကွဲလွဲမှု ရှိနေခြင်းများ အပေါ် မူရင်းစာများ မရရှိသည့်အတွက် (သဘော် တင် ပြေစာ နှင့် စက်ကြိတ် ရောင်း ပြေစာမူရင်းများ) ကွာခြားမှုများဖြစ်ပေါ်လျှက်ရှိ ကြောင်း ။ စာရင်းထက် လျော့သည် ဆန်အိတ် အတွက် ဦးကျော်ဆန်း သည် စိုက်ထုတ်ပေးရ သကဲ့သို့ စာရင်း ရေးထားပြီး ဒေါ်ချင်းမ သို့ စာရင်းအရ ဆန်အိတ် အတိုင်း ပေးချေခဲ့သည် မှန်သော်လည်း၊ ပို့သည့်စာရင်းထက်ပိုနေသော ဆန်အိတ်များ အတွက် ဒေါ်ချင်းမရပိုင်ခွင့်ရှိရမည် ဖြစ် ကြောင်း ။ ဦးလှဖော် သူစာရင်း မှာလည်း ဒေါ်ချင်းမနှင့် ရှင်းလင်းသည့်အခါ မှန်ကန်မှုရှိမည် မဟုတ်သလို ဦးကျော်ဆန်း၏ ကိုယ်တိုင် ပြေစာ ဖြင့် ဆန်အိတ် လက်ခံရရှိမှု ဖော်ပြထားခြင်း မှာလည်း မှန်ကန်မှုရှိမည် မဟုတ် ကြောင်း ။ ဆန်အပို နှင့် ရန်ကုန် မှ လက်ခံ ရရှိမှုများကို ပုံစံ အားဖြင့် နောက်ဆက်တွဲဇယား (ဂ) ဖြင့် ဖော်ပြထား ကြောင်း ။ တရားလို နှင့် တရားပြိုင် နှစ်ဦး နှစ်ဘက်စာရင်းဇယားများကို ညှိနှိုင်းဖြေရှင်း ကြပြီး နောက် တရားပြိုင် ဦးလှဖော်သူ ဘက်မှ သူဘော်တင် ပြေစာမူရင်းကို ပြည့်စုံစွာမရှိသည့်အတွက် လည်းကောင်း ။ ရန်ကုန်စက်များ မှ ထုတ်ပေး သည့် မူရင်း ပြေစာများ မရှိသည့်အတွက် ရန်ကုန် တာဝန်ခံ ဦးကျော်ဆန်း ၏ ရှင်းလင်းစာများနှင့် ရှင်းလင်းပြေစာမရှိသော ခေါက်ရေများအတွက် ဦးကျော်ဆန်းကိုယ်တိုင် တင်ပြသော စာရင်းဇယားများကို အခြေခံပြီး ရှင်းလင်းခဲ့ကြသည့် စာရင်းဇယားအပေါ် အခြေခံ၍ ပေါ်ပေါက်လာသော ငွေကြေးများအပေါ် အခြေခံ၍တွက်ချက် တင်ပြတောင်းခံ ခြင်းဖြစ်ကြောင်း ။ တရားပြိုင် ဦးလှဖော်သူ ဘက်မှ တရားလို နှင့် နှစ်ဦး နှစ်ဘက် ညှိနှိုင်းမှုတွင် အမြတ်အစား နှင့် လုပ်အားခ ခံစား ခွင့်နှစ်မျိုးကို ညှိနှိုင်း၍ မရသဖြင့် (၂၆-၁-၁၅) ရက်နေ့တွင် နှစ်ဦးနှစ်ဘက် သဘောတူစာချုပ် ကို ချုပ်ဆိုပြီး လက်မှတ်ရေးထိုးခဲ့ ကြခြင်း ဖြစ်ကြောင်း ။ ငွေ (၄၄၃၅၁၅၃) ကျပ် ကို စရိတ် နှင့် တကွ အနိုင်ဒီကရီ ချမှတ်ပေး စေလို ကြောင်း အဆိုပြု ဖော်ပြထားသည်။

တရားပြိုင် ဦးလှဖော်သူ နှင့် ဦးကျော်ဆန်း (ခ) ကျော်ဆန်ဝင်း တို့ ၏ ချေလွှာ အရ တရားလိုနှင့် တရားပြိုင်(၁) တို့သည် ဆန်၊ စပါး အရောင်းအဝယ် လုပ်ငန်း ကို ၁၉၉၂-၉၃ မှစပြီး အကျိုးတူ ခွဲဝေခံစားကြရန်သဘောတူညီမှုဖြင့် စတင်လုပ်ဆောင်ခဲ့ကြကြောင်း ။ ၂၀၁၃ ခုနှစ်တွင် စတင် လုပ်ဆောင် ကြခြင်းမဟုတ် ကြောင်း ။ ထိုသို့လုပ်ကိုင်ခဲ့ကြရာတွင် တရားလို က ငွေရင်း စိုက်ထုတ် သော်လည်း ယင်းငွေအပေါ် တရားပြိုင်(၁)က အတိုး ၂% ပေးခဲ့ရကာ၊ အမြတ် ရရှိပါက

စစ်ဆေးပြီးမှန်ကန်ကြောင်း
တာဝန်ယူပါသည်။
တာဝန်ခံမိတ္တူမှန်
အခွင့်ရအရာရှိ
6-3-18
(ခင်မျိုးစန္ဒာ)
ဒုတိယဦးစီးမှူး
စစ်တွေခရိုင်တရားရုံး

ပုံ/ ×××
(ကျော်မိုးဝင်း)
ဒုတိယခရိုင်တရားသူကြီး (၁)
စစ်တွေခရိုင်တရားရုံး

ယင်းငွေ ၂% ကို တရားလိုကရယူပြီး ကျန်ငွေအပေါ် အချိုးကျရယူခဲ့ကြ ကြောင်း ။ ၁၉၉၂-၉၃ ခုနှစ်တွင် လုပ်ငန်းအရှုံးပေါ်ခဲ့ရာ တရားလိုသည် တရားပြိုင်အား ခေါ်ယူခဲ့၍ စစ်တွေ မြို့သို့ သွားရောက်ခဲ့ရာ တရားလို၏နေအိမ်တွင် အကျယ်ချုပ်သဘော ထားရှိပြီး၊ လုပ်ငန်းအရှုံး ပေါ်ငွေမှာ အတိုးအပါအဝင် ကျပ်(၇၂)သိန်း ဖြစ်၍ တရားပြိုင်(၁)က တာဝန်ယူရမည် ဖြစ် ကြောင်း၊ မဟုတ်ပါက ဆိုင်ပစ္စည်းများကို ခိုးယူသည်ဟု ရဲစခန်းတွင် အမှုဖွင့်လှစ်ချုပ်နှောင် မည်ဖြစ်ကြောင်း၊ ခြိမ်းခြောက်ပြောဆိုသဖြင့် တရားပြိုင်(၁)သည် ကြောက်လန့်စိုးရိမ်မှုဖြစ်ကာ (၁၂-၁၂-၂၀၁၁) ရက်စွဲပါ စာချုပ်ကို လက်မှတ်ရေးထိုးပေးခဲ့ရ ကြောင်း ။ ယင်း(၁၂-၁၂-၂၀၁၁) ရက် စွဲပါစာချုပ်ကို တရားလိုက (၁၂-၁၂-၂၀၁၃)ဟု မရိုးမသား ပြုလုပ် ကာ စစ်တွေမြို့နယ် တရားရုံး ၏ ၂၀၁၅ ခုနှစ် တရားမကြီးမှု အမှတ်- ၁၅ ဖြင့် စွဲဆိုရှိခဲ့ရာ (၁၂-၁၂-၂၀၁၃) မဟုတ် ကြောင်း (၁၂-၁၂-၂၀၁၁) သာဖြစ်ကြောင်း နှင့် အမှုစွဲဆိုရန် ကာလစည်းကမ်းသတ် ကျော်လွန် နေပြီး ဖြစ်သည် ဟု ချေဆိုခဲ့ပြီး ဖြစ် ကြောင်း ။ ယင်း ၁၂-၁၂-၂၀၁၁ ရက်စွဲပါစာချုပ်မူရင်းမှာ စစ်တွေမြို့နယ် တရားရုံး၏ ၂၀၁၅ ခုနှစ် တရားမကြီးမှုအမှတ်- ၁၉ တွင် တင်ပြထား ကြောင်း ၊တရားလိုသည် တရားပြိုင်(၁) အား (၁၂-၁၂-၂၀၁၁) ရက်စွဲပါ စာချုပ် ကို အတင်း အကြပ် လက်မှတ် ရေးထိုးစေပြီး နောက်ပိုင်း တွင် ဆန်၊စပါးလုပ်ငန်းကို အကျိုးတူလုပ်ကိုင်စေ ခြင်း မပြုတော့ဘဲ၊ တရားလို က ငွေရင်း စိုက်ထုတ်ကာ တရားပြိုင်(၁)က လုပ်အားခရယူရန် သဘောတူညီ ခဲ့ကြကြောင်း ။ ယင်းသို့ လုပ်ငန်းလုပ်ဆောင်ရာတွင် တရားပြိုင်(၁) သည် စပါး တောင်း (၁၀၀)ဝယ်ယူတိုင်း တရားလိုက တရားပြိုင်(၁)သို့ လုပ်အားခငွေ (၂၀၀ဝိ/-)စီနှင့် ဆန် အိတ်(၁)အိတ်ကို လုပ်အားခငွေ ၂၀ဝိ/- ပေးရန် နှစ်ဦးနှစ်ဖက် သဘောတူညီခဲ့ကြကြောင်း ။ သို့ရာတွင် တရားလိုသည် တရားပြိုင်(၁)အား လုပ်အားခ ရှင်းလင်းပေးခြင်းမရှိ သည့်အပြင် စပါးဝယ်ယူရန်ကိုလည်း လိုအပ်သောငွေ ကို စိုက်ထုတ်ပေးခြင်းမရှိဘဲ တရားပြိုင်(၁) အား စပါး အကြွေး ဝယ်ယူပေးရန် ပြောဆိုခဲ့သဖြင့် တရားပြိုင်(၁) သည် လယ်သမားများထံမှ စပါး အကြွေး ဝယ်ယူပြီး ရန်ကုန်သို့ပို့ပေးခဲ့ကာ ဆန်ဖိုးငွေများကို တရားလိုထံသို့ ပေးပို့ခဲ့သော် လည်း တရားလိုသည် စပါးအကြွေး ဝယ်ယူခဲ့သည့် ငွေများကို ရှင်းလင်းပေးခြင်းမရှိခဲ့ ကြောင်း ။ သို့ဖြစ်၍ တရားပြိုင်(၁)သည် စပါး အကြွေး ဝယ်ယူခဲ့သည့်ငွေများအတွက် ရန်ကုန်မှ ဆန်ဖိုးငွေ များ ကို တရားပြိုင်(၁)သို့ ပို့အပ်စေ ကာ စပါးအကြွေးဝယ်ယူခဲ့သည့်ငွေများကို ပေးဆပ်ခဲ့ရ ကြောင်း ။ တရားလို တင်ပြ သကဲ့သို့ ငွေ ၁၉၂၈၄၄၉၂ ကျပ်ကို စာရင်းတွင် မည်သည့် ပစ္စည်း မှ မဝယ်ဘဲ ထည့်သွင်း ဖော်ပြခဲ့သည်ဆိုခြင်းမှာ မဟုတ် ကြောင်း ။ တရားပြိုင်(၁)သည် စစ်တွေမြို့သို့ သားဖြစ်သူ ဦးကျော်ဆန်း (ခ) ကျော်ဆန်းဝင်း နှင့်အတူသွားရောက်ပြီး၊ တရားလို နှင့် စာရင်းရှင်းလင်းခဲ့ ကြောင်း ။ ထိုသို့ စာရင်း ရှင်းလင်းကြစဉ် ဦးထွန်းသာ နှင့် ဦးမောင်လှကျော် တို့ကို အပ်နှံခဲ့ကြရာ တရားလိုဘက်က မူလ သဘောတူ ကတိပြုထားခဲ့ သည့် လုပ်အားခ ဖြစ်သော စပါးတောင်း (၁၀၀)ဝယ်ယူတိုင်း ငွေ ၂၀၀ဝိ/- စီ နှင့် ဆန်အိတ် (၁) အိတ်အတွက် ငွေ ၂၀ဝိ/- အစား၊ ငွေ ၁၀၀ဝိ/- စီနှင့် ငွေ ၁၀ဝိ/- စီသာ လုပ်အားခ ပေးချေမည် ဟု ပြောဆိုလာခဲ့၍ စာရင်းရှင်းလင်းခြင်း မပြုနိုင်ခဲ့ ကြောင်း ။ တရားပြိုင်(၁) သည် တရားလို နှင့် အကျိုးတူ လုပ်ကိုင်ခြင်း မဟုတ်ဘဲ လုပ်အားခ သာ ရယူလုပ်ကိုင်သူဖြစ်သဖြင့် လုပ်ငန်း၏ အရှုံး၊ အမြတ် သည် တရားပြိုင်(၁) နှင့် သက်ဆိုင် ခြင်းမရှိ ကြောင်း ။ တရားလို သည် တရားပြိုင်တို့အပေါ် စစ်တွေခရိုင်တရားရုံး၏ ၂၀၁၅ ခုနှစ်၊ တရားမကြီးမှု အမှတ်- ၆ ဖြင့် ဦးစွာစွဲဆိုခဲ့ရာ ဆန်၊စပါး အရောင်းအဝယ်စာရင်း (၂၆)စောင်ကို တင်သွင်းခဲ့ ကြောင်း ။ ထိုစာရင်းများတွင်လည်း ငွေ ၁၉၂၈၄၄၉၂ ကျပ် ကို ဖော်ပြခဲ့ခြင်းမရှိ ကြောင်း ။ အမှုကို ဤပုံစံ အတိုင်း စွဲဆိုနိုင်ခြင်း မရှိနိုင် ကြောင်း တရားမကြီးမှုအမှတ်- ၆/၂၀၁၅ တွင် ချေဆိုခဲ့ရာ တရားလို ဖက်က အမှုကို အမှုသစ် စွဲဆိုခွင့်နှင့်တကွ ရုပ်သိမ်းခဲ့ပြီးလည်းဖြစ် ကြောင်း ။ တရားလို သည် တစ်ဖက်သတ်ပြုလုပ်ထားသော စာရင်းများ ကို အခြေပြုပြီး တရားပြိုင် တို့ အပေါ် ကုန်ဖိုးကျန်ငွေရလိုမှုဟု ဤအမှုကို စွဲဆိုနိုင်မည် မဟုတ် ကြောင်း ။ အဆိုလွှာ အပိုဒ်(၈) ဖော်ပြထားချက်တွင် တရားပြိုင်(၁)၏ သား ဦးကျော်ဆန်း က စာရင်းထက်ပိုသည့် ဆန်အိတ်များကို ဒေါ်ချင်းမ ရပိုင်ခွင့်ရှိမည်ဟု ဖော်ပြထား ခြင်းမှာ ဖြစ်နိုင် ခြေ မရှိသည် မှာ

စစ်ဆေးပြီးမှန်ကန်ကြောင်း
တာဝန်ယူပါသည်။
တာဝန်ခံမိတ္တူမှန်

အခွင့်ရအရာရှိ
(ခင်မျိုးဝင္ဇာ)
ဒုတိယဦးစီးမှူး
စစ်တွေခရိုင်တရားရုံး

ပုံ/ x x x
(ကျော်မိုးဝင်း)
ဒုတိယခရိုင်တရားသူကြီး (၁)
စစ်တွေခရိုင်တရားရုံး

ပေါ်လွင်နေ ကြောင်း ၊ တရားလို တင်ပြသော နောက်ဆက်တွဲ (က)၊ (ခ)၊ (ဂ) ပါဖော်ပြချက် များကို အခြေပြုပြီး ဤအမှုကို စွဲဆိုခဲ့ခြင်းဖြစ်ရာ ယင်းသို့ မိမိလိုရာ အခြေခံပြီး ရေးဆွဲထားသော စာရင်းဇယားများဖြင့် ဤအမှုကို ဤပုံစံအတိုင်း စွဲဆိုနိုင်မည် မဟုတ် ကြောင်း ၊ နှစ်ဦးနှစ်ဖက် ညှိနှိုင်းမှုတွင် အမြတ်အစား နှင့် လုပ်အားခ ခံစားခွင့် နှစ်မျိုးကို ညှိနှိုင်းမရသဖြင့် (၂၆-၁-၂၀၁၅) ရက်စွဲပါစာချုပ်ကို ပြုလုပ်ခဲ့ကြ ခြင်း ဖြစ်သည်ဟုတွေ့ရ ကြောင်း ၊ တရားလို သည် နှစ်ဖက်တင်ပြသော စာရင်းဇယားများအပေါ် စာရင်းရှင်းလင်း ပေးစေလိုမှုသာ စွဲဆိုသင့် ကြောင်း ၊ တရားလို၏ တောင်း ဆိုသော သက်သာခွင့်ဖြစ်သည့် ကုန်ဖိုးကျန်ငွေ ၄၄၃၅၁၅၅၃ ကျပ်သည် မည်သို့မည်ပုံ ရရန်ဖြစ် ကြောင်း တိကျစွာတွက်ချက်ဖော်ပြထားခြင်းလည်း မရှိသည်ကို တွေ့ရ ကြောင်း ၊ တရားလို၏ အဆိုလွှာ တွင် တရားပြိုင်(၂) (၃)တို့သည် မည်သို့ပါဝင် ပတ် သက် ကြောင်း ရှင်းလင်း ပြတ်သားစွာ ဖော်ပြစွဲဆိုခဲ့ခြင်းလည်း မရှိ ကြောင်း ၊ တရားပြိုင် (၂)၊ (၃) တို့သည် တရားပြိုင်(၁) နှင့် တရားလို တို့ပြုလုပ်သော လုပ်ငန်းတွင် တရားလို နှင့် တိုက်ရိုက် ပတ်သက် နေ သည်ဟု ဖော်ပြခြင်း မရှိ ကြောင်း ၊ တရားပြိုင်(၂) (၃) တို့ကို ဤအမှုမှ ဖယ်ထုတ်သင့်ကြောင်း ၊ တရားလို ၏ အဆိုလွှာကို စရိတ်နှင့်တကွ ပလပ်ပေးရန် ချေပထားသည်။

အမှတ်(၃) တရားပြိုင် မှာ လာရောက် ထုချေရှင်းလင်း ခြင်း မရှိသဖြင့် ၎င်း ၏ မျက်ကွယ် တွင် တဘက်သတ် စစ်ဆေးခဲ့ရသည်။

တရားလို တို့၏ အဆိုလွှာနှင့် တရားပြိုင် များ၏ အချေလွှာတို့ အရ ရုံးမှ အောက်ပါ ရုံးငြင်းချက်များ ထုတ်နုတ်ခဲ့ သည်။

ငြင်းချက်များ

၁။ တရားလိုနှင့်တရားပြိုင်များတို့ သည် ဆန်စပါး အရောင်းအဝယ်လုပ်ငန်းလုပ် ကိုင်ရန် တရားလို မှ ငွေကြေးစိုက်ထုတ်ပြီး အကျိုးအမြတ်၊အပေါ်အချိုးကျခွဲဝေစားကြရန် သဘောတူညီ ချက်ဖြင့် လုပ်ကိုင်ခဲ့သည် ဆိုရာ - မှန်ပါသလား။

( သို့မဟုတ် )

တရားလိုမှ စိုက်ထုတ်ငွေများအပေါ် တရားပြိုင် (၁)က အတိုး ၂% ပေးရကာ အမြတ်ရရှိပါက ယင်းငွေ၏ ၂ %ကို တရားလိုက ရယူပြီး၊ ကျန်ငွေအပေါ် အချိုးကျရယူသည် ဆိုရာ - မှန်သလား။

၂။ (၈-၆-၂၀၁၃) ရက်နေ့ ဖော်ပြသည့် စာရင်းတွင် တရားပြိုင်များက မည်သည့်ပစ္စည်းများမှ မဝယ်ဘဲ ငွေ (၁၉၂၈၄၄၉၂) ကျပ်ကိုစာရင်းတွင်ထည့်သွင်း တောင်းခံထားခြင်းဖြစ်သည် ဆိုရာ - မှန်သလား။

( သို့မဟုတ် )

တရားပြိုင် (၁) သည်လယ်သမားများထံမှ စပါးအကြွေးဝယ်ယူခဲ့၍ ရန်ကုန်မှ ပေးပို့သောဆန်ဖိုးငွေ များဖြင့် ပေးဆပ်ခဲ့ရသဖြင့် ငွေ (၁၉၂၈၄၄၉၂)ကျပ် ကိုထည့်သွင်း တောင်းခံလာခြင်းဖြစ်သည် ဆိုရာ - မှန်ပါသလား။

၃။ တရားလိုသည် တရားပြိုင်များသို့ ထုတ်ပေးသည့်ငွေများအနက် မှ ကျန်ငွေ (၄၄၃၅၁၅၅၃) ကျပ် အား တရားပြိုင်များထံမှ ရရန်ရှိသည် ဆိုရာ - မှန်ပါသလား။

၄။ တရားလိုသည်မည်သည့် သက်သာခွင့်ကို ရထိုက်ပါသနည်း။

ငြင်းချက် (၁)

တရားလို ဒေါ်ချင်းမ က တရားပြိုင်ဦးလှဖော်သူနှင့်သားများ မှာ ခင်ပွန်းဖြစ်သူ ဦးမောင်ကျော်အောင် နှင့် တရားပြိုင်၏ဖနီးတိုမှာ ဆွေမျိုးတော်စပ် ကြောင်း ၊ ၎င်း က ဆန်စပါး ရောင်းဝယ်ရေး လုပ်ငန်းလုပ်ကိုင်ရန် တရားပြိုင်အား ပြောဆိုဆွေးနွေးခဲ့ ကြောင်း ၊ ၎င်း က ဦးလှဖော်သူ အား ပေါက်တောမြို့၊ အမှတ် ၂ ရပ်ကွက်တွင်ဆန်စပါးကြိတ်စက်ထူထောင်ပေးခဲ့ ကြောင်း ၊ စပ်တူလုပ်သော ဒေါ်အောင်ကျော့သာ နှင့် ဦးလှဖော်သူ တို့ ဆက်ဆံရေး အဆင်မပြေ

စစ်ဆေးပြီးမှန်ကန်ကြောင်း တာဝန်ယူပါသည်။
တာဝန်ခံမိတ္တူမှန်
အခွင့်ရအရာရှိ
6.3.18
(ခင်မျိုးဝန္နာ)
ဒုတိယဦးစီးမှူး
စစ်တွေခရိုင်တရားရုံး

သဖြင့် အဆိုပါဆန်စက်ကိုဖြိုဖျက်ပြီး ပေါက်တောမြို့ ၊ ကြိုင်းရှည်ကျေးရွာ တွင် ထပ်မံပြီး ဦးအောင်လှသာ ဆိုသူနှင့်ပေါင်းစပ်၍ ပြန်လည်တည်ဆောက် ပေးခဲ့ ကြောင်း ။ ထိုဆန်စက်တွင် လည်း ဦးလှဖော်သူ အား တာဝန်ယူစေခဲ့ ကြောင်း ။ ထိုဆန်စက်တွင် လည်း ဦးအောင်လှသာ တို့ ထပ်မံ ၍ ဆက်ဆံမှုမပြေမလည်ဖြစ်ကြသဖြင့် ဖျက်ခဲ့ရကြောင်း ။ ဆန်စပါးရောင်းဝယ်ရေးလုပ်ငန်း လုပ်ကိုင်ကြရာတွင် မိမိ က ငွေကြေးစိုက်ထုတ်ပေးပြီး ဦးလှဖော်သူ က ဆန်ကြိတ်သိုလှောင် ရန်ကုန် တင်ပို့လုပ်ငန်းများကို လုပ်ကိုင် ခဲ့ကြောင်း ။ ထိုသို့ လုပ်ကိုင်ကြရာ တွင် ရရှိလာသော အကျိုးအမြတ်များကို ရှေ့တိုးနုတ်ပြီး ကျန်အမြတ်ကိုအချိုးကျ ခွဲဝေခံစားကြရန် သဘော တူညီချက်ဖြင့် လုပ်ကိုင်ခဲ့ခြင်း ဖြစ်ကြောင်း ။ တရားပြိုင်တို့ သည် နှစ်ပေါင်းများစွာ ဆန်စပါး ရောင်းဝယ်ရေး ကို ရခိုင် ပြည်နယ်အတွင်းနှစ်ပေါင်းများစွာ လုပ်ကိုင်လာခဲ့ပြီးနောက် တရားပြိုင် ကျော်ဆန်းဝင်း အား မိမိ ကိုယ်တိုင်ရန်ကုန်မြို့ သို့ ခေါ်သွားပြီး မိမိ၏နေအိမ်တွင်နေထိုင်စေခဲ့ကာ ရခိုင်ပြည်နယ် မှ ဆန်စပါးများကို ရန်ကုန်မြို့၌ကြိတ်ခွဲရောင်းချရန် ကျော်ဆန်ဝင်းမှ ပြောလာ သဖြင့် သဘောတူလုပ်ကိုင်ခဲ့ကြောင်း ။ တရားပြိုင် ဦးလှဖော်သူက ရခိုင်ပြည်မှ တာဝန်ခံပို့ပေးပြီး သားဖြစ်သူ ကျော်ဆန်းဝင်း မှ ရန်ကုန်မြို့တွင်ရောင်းချ ကြောင်း ။ ၂၀၁၃ခုနှစ် နောက်ပိုင်း တွင် ဆန်စပါး ရောင်းဝယ်ရေးလုပ်ငန်းနှင့်ပတ်သတ်ပြီး ဦးလှဖော်သူ ထံသို့ ငွေထုတ်ပေး ပြီး ဦးလှဖော်သူ မှ ငွေလက်ခံရယူကာ ဆန်စပါးများကို ရန်ကုန်မြို့သို့ ဝယ်ယူပေးပို့ခဲ့ကြောင်း ။ ထိုသို့ လုပ်ကိုင် လာကြရာမှ (၈-၆-၁၃) နေ့တွင် ဦးလှဖော်သူက ငွေကျပ်သိန်း ၁၉၂သိန်းကျော်ကျော်အား ပစ္စည်းဝယ်ယူ ခြင်းလည်းမရှိ၊ လုပ်ငန်းတွင်လည်းအသုံးပြုမှုမရှိဘဲ ထုတ်ယူသုံးစွဲထားသည်ကို သိရှိရသဖြင့် ဦးလှဖော်သူထံသို့ အကြောင်းကြားခေါ်ယူခဲ့ရာ ဦးလှဖော်သူမှာလာရောက်မှုမရှိဘဲ အကြောင်း အမျိုးမျိုးပြ ရှောင်နေခဲ့ ကြောင်း ။ ရန်ကုန်မြို့ တွင် တာဝန်ခံလုပ်ပေးနေသော ဦးလှဖော်သူ ၏ သား မောင်ကျော်ဆန်းဝင်း အား အကြောင်းကြားရာ အတော်ကြာ မှ ဦးလှဖော်သူ နှင့် မောင်ကျော်ဆန်းဝင်း တို့ ရောက်ရှိလာခဲ့ကြ ကြောင်း ။ နှစ်ဦးနှစ်ဘက်ညှိနှိုင်းပြီး စာရင်းဇယား များရှင်းလင်းကြရန် စာရင်းစစ်နှစ်ဦးအား ခေါ်ယူစစ်ဆေးစေခဲ့ကြောင်း ။ အဆိုပါ စာရင်းစစ် ဦးဦးထွန်းသာ ၊ ဦးမောင်လှကျော် ဆန်စပါး လုပ်ငန်းလုပ် ကိုင်ကြရာတွင် စပါးဝယ် ခြင်း ၊ ကြိတ်ခွဲခြင်း သယ်ချစရိတ် အပါအဝင်၊ သင်္ဘောအကြိမ်လိုက်တင်ပို့သည့် ဆန်အိတ် စပါးများ သင်္ဘော တင်ပြေစာမှုရင်းများကို ဦးလှဖော်သူ ထံမှလည်းကောင်း၊မောင်ကျော်ဆန်းဝင်း ထံမှ လည်းကောင်း တောင်းခံ၍ မရခဲ့ကြောင်း ။ သို့သော် ဦးလှဖော်သူ စာရင်းကိုအခြေခံပြီး ရန်ကုန်သို့ တင်ပို့သည့် ပမာဏအတိုင်းညှိနှိုင်းကြရန် လည်းကောင်း၊ တင်ပို့ သည့်ဆန်အိတ်များကို ရန်ကုန် ဆန်စက် အသီးသီးတွင် လက်ခံရရှိခြင်း၊ စက်ကြိတ်ခြင်း ၊ ရောင်းချခြင်း အိတ်အရေ အတွက် ကို အခြေခံကာ ဦးလှဖော်သူစာရင်းနှင့် တိုက်ဆိုင်ပြီး ဆောင်ရွက်ရန် ရန်ကုန်စက်များမှ ထုတ်ပေးသည့် မူရင်းစာများ မရှိသည့်အတွက် ရန်ကုန် တာဝန်ခံ ဦးကျော်ဆန်းဝင်း ထံမှ ရှင်းပေးပို့သောပြေစာများ မရှိသောခေါက်ရေများကို အခြေခံပြီးရှင်းရန် တရားလိုဘက်မှလက်ခံခဲ့ ကြောင်း ။ ဦးလှဖော်သူ ထံမှ ပေးပို့သည့် ရှိသလောက်ပြေစာ နှင့် ဦးကျော်ဆန်းဝင်း ထံမှပေးပို့သည့် ရှိသလောက် ပြေစာများကို အခြေခံ၍ စာရင်းစစ်များမှာ နှစ်ဦးနှစ်ဘက်ရှေ့တွင် စစ်ဆေး ခဲ့ခြင်းဖြစ် ကြောင်း ။ ဦးလှဖော်သူမှ ရန်ကုန်မြို့သို့ တင်ပို့ခဲ့သည့် ကြိမ်ရေပေါင်း ၂၁ကြိမ်ရှိခဲ့ပြီး တင်ပို့သည့်ဆန်စပါး တန်ဖိုးမှာ သိန်း (၅၀၀၀) ကျော်ဖြစ် ကြောင်း ။ ကိန်းဂဏန်းတန်ဖိုးကို စာရင်းစစ်၏ အစီရင်ခံစာ တွင် အတိအကျ ဖော်ပြပါရှိ ကြောင်း ။ ကျွန်မတော့ အသေးစိတ် မမှတ်မိပါ၊ ကျွန်မထံမှ ဦးလှဖော်သူ ထံသို့ ဆန်စပါးလုပ်ငန်းတွင် သုံးစွဲရန် တယ်လီဖုန်းတစ်လုံး၊ ဂုံနီချုပ်စက်တစ်လုံး နှင့် ဂုံနီအိတ်ခွံပေါင်း မြောက်များစွာ အတွက် ထုတ်ပေးထားငွေများမှာ ၅၉ သိန်း ကျော်ဖြစ် ကြောင်း ။ ထုတ်ပေးငွေ စုစုပေါင်းမှာ သိန်း (၅၃၇၀)ကျော် ကျော်ဖြစ် ပြီး အစွန်းထွက်ကိုတော့ မမှတ်မိကြောင်း ။ ဦးလှဖော်သူ ၏ ကုန်ဝယ်တန်ဖိုးမှာ သိန်း(၅၂၀၀) ကျော် ဖြစ် ကြောင်း ။ ဦးလှဖော်သူ လက်ထဲတွင် ပိုကျန်ငွေ ၉၅သိန်းကျော် ဖြစ် ကြောင်း ။ အပတ်စဉ် ၁၂နှင့်၁၃ဖြင့် ဦးလှဖော်သူမှ ရန်ကုန်မြို့သို့ စပါးအိတ်ရေ ၃၀၀၀ကျော်ပေးပို့ရာတွင် စပါးဝယ်တန်ဖိုးမှာ သိန်း၅၀၀ကျော်ဖိုးရှိကြောင်း ဦးလှဖော်သူ သည် ထိုငွေများထဲမှ ကုန်ဝယ်မှုမပြုဘဲ ထုတ်ယူသုံးစွဲထားငွေမှာ ၁၉၂သိန်း ကျော်

စစ်ဆေးပြီးမှန်ကန်ကြောင်း
တာဝန်ယူပါသည်၊

တာဝန်ခံမိတ္တူမှန်

အခွင့်ရအရာရှိ
(ခင်မျိုးစန္ဒာ)
ဒုတိယဦးစီးမှူး
စစ်တွေခရိုင်တရားရုံး

ပုံ/ x x x
(ကျော်ရိုးဝင်း)
ဒုတိယခရိုင်တရားသူကြီး(၁)
စစ်တွေခရိုင်တရားရုံး

တွေ့ရှိရကြောင်း ။ သဘော်အပတ်စဉ် ၈/၉ ဖြင့် မောင်ကျော်ဆန်းဝင်း ထံ ပို့ရာတွင် ပေးပို့သူ ဦးလှဖော်သူ နှင့် လက်ခံသူ မောင်ကျော်ဆန်းဝင်း တို့ထံမှ အရောင်းရှင်းတမ်း ပေးပို့ခြင်း မရှိကြောင်း ။ သဘော် အပတ်စဉ် ၁၄ ဖြင့် ဆန်အိတ်များ ရန်ကုန်မြို့ သို့ပို့ပေးရာ ကုန်လက်ခံသူ မောင်ကျော်ဆန်းဝင်း ထံမှ အရောင်း ရှင်းတမ်း များကို ပေးပို့ခြင်း မရှိ ကြောင်း ။ အပတ်စဉ် ၁၆တွင် ဆန်အိတ် ၄၆အိတ်အား အလျော့ပြ ထား ကြောင်း ။ အဘယ်ကြောင့် လျော့သည် ကို မောင်ကျော်ဆန်းဝင်း ထံမှ ရှင်းလင်းချက်မပို့၍ ထိုဆန်အိတ် အရေအတွက် တန်ဖိုးကိုလည်း မောင်ကျော်ဆန်းဝင်းမှ ပေးလျော်ရန်တာဝန်ရှိ ကြောင်း ။ အပတ်စဉ် ၁၈ ဖြင့် စပါး ၄၅၀အိတ်ပို့သည့်အနက်မှ ငစိန်စပါး ၂၃၀အိတ်ကို ရန်ကုန်စက် တွင်ကြိတ်ခွဲရာ ဆန်ဖြူ ၈၉-၉၀ အိတ်ရရှိ ကြောင်း ။ ထိုဆန်အိတ်များကိုရောင်းချပြီးသော်လည်း မောင်ကျော်ဆန့်ဝင်း မှ ဆန်အိတ်ရောင်းရငွေများကို ရှင်းလင်း ပေးခဲ့ခြင်း မရှိ ကြောင်း ။ စာရင်းစစ်များ နှစ်ဦးနှစ်ဖက်စစ်ဆေးသည့်အ ခါ မောင်ကျော်ဆန်းဝင်းမှ ဦးလှဖော်သူ ထံသို့ ငွေကျပ် (၁၇၅) သိန်းအား လွှဲပြောင်းပို့ထားသည် ကို တွေ့ရှိရ ကြောင်း ။ ၂၀၁၃ခုနှစ် ဆန်စပါး အဝယ် ရာသီ ကုန်ခါနီးအချိန်လောက်တွင် ဦးလှဖော် ထံမှ ဖုန်းဖြင့်လည်းကောင်း၊ စာဖြင့် ဆက်သွယ်၍ လည်းကောင်း၊ သတင်းပို့ရာတွင် ဆန်စပါးရောင်းချသည့်လယ်သမားများနှင့် ဆန်စက်ပိုင်ရှင် များသို့ ငွေရှင်းလင်းပေးရန် ငွေ ကျပ်သိန်း၃၀၀ကျော် လိုအပ်နေ သည် ဟု သိရ ကြောင်း ။ ဦးလှဖော်သူမှငင်းလက်ထဲရှိပြေစာ- (၇) စောင်အားပေးပို့၍ လယ်သမားများကရွှေဝယ်လို ကြောင်းနှင့် လယ်သမား များအား ပြေစာများ နှင့် တိုက်ပြီးရွှေရောင်းချပေးပါရန် ဦးလှဖော်သူ ၏ အကြောင်းကြားချက် အရ ပြေစာ (၇) စောင် အတွက် လယ်သမားများ အား မိမိဆိုင်မှ ရွှေများ ရောင်းချပေးခဲ့ရကြောင်း ။ ၂၀၁၄ခုနှစ် စာရင်းစစ်များနှင့်စာရင်းရှင်း လင်းကြသည့်အခါအပတ်စဉ် ၁၂/၁၃ ဖြင့် ပေးပို့ထားသော ဆန်အိတ်များစာရင်းဖော်ပြချက် အရ ဦးလှဖော်သူ မှ မည်သည့်ပစ္စည်းမှမဝယ်ဘဲ ငွေကျပ် (၁၉၂) သိန်းကျော် အား သုံးစွဲထား သည်ကို စာရင်းစစ်များ ၏ စစ်ဆေးချက် အရပေါ်ပေါက် ကြောင်း ။ ယခင်ကစာရင်းရှင်းသည့်အခါ ဦးလှဖော်သူမှာ စာရင်းရှင်းလင်းရန်တစ်လလျှင် ၃/၄ ကြိမ်ခန့်လာသော်လည်း ၁၉၂ သိန်းကျော်ကိစ္စပေါ် လာသည့် နောက်ပိုင်း တွင် ဦးလှဖော်သူအား စာရင်းရှင်းလင်းရန်ခေါ်ခဲ့သော်လည်း အကြိမ်ကြိမ်ပျက် ကွက်ခဲ့ကြောင်း ။ ထို့ကဲ့သို့ဦးလှဖော်သူ လာရောက်ရန်ပျက်ကွက်ခဲ့သဖြင့် မောင်ကျော်ဆန်းဝင်း ထံသို့ ဖုန်းဖြင့် ဆက်သွယ်ပြီးအကြောင်းကြားခဲ့ ကြောင်း ။ စာရင်းရှင်းလင်း ရန် မောင်ကျော်ဆန်းဝင်း ကိုလည်း အကြောင်းကြားခဲ့ဖြင့် မောင်ကျော်ဆန်းဝင်း နှင့်အတူ ဦးလှဖော်သူ နှင့် အောင်ညွန့်ဝင်း တို့ လိုက်လာကြောင်း ။ ထိုနေ့က မိမိနေအိမ်တွင် ခင်ပွန်း ဖြစ်သူ ၊ စာရင်းစစ်နှစ်ဦးရှိနေပြီး စာရင်းရှင်းခဲ့ကြကြောင်း ။ စာရင်းရှင်းလင်းကြသည့်အခါ မည်သည့်ပစ္စည်းမှမဝယ်ဘဲ ငွေကျပ် (၁၉၂)သိန်းကျော်ကို သုံးစွဲထား သည်ကိုတွေ့ရ ရှင်းလင်းပေးရန် ပြောသည့် အခါ မောင်ကျော်ဆန်းဝင်း က ရှင်းလင်းပေးပါမည် ဟု ကျွန်မ တို့အားကတိကဝတ်ပြုခဲ့ ကြောင်း ။ မောင်ကျော်ဆန်းဝင်း ပြန်သွားပြီးနောက် ဦးလှဖော်သူနှင့်အတူ စာရင်း စစ်နှစ်ဦးရှေ့တွင် စာရင်းများ ဆက်လက်ရှင်းလင်းကြကြောင်း ။ နောက် တစ်လကျော်ကျော် လောက်အကြာတွင် ဦးလှဖော်သူနှင့်အတူမောင်ကျော်ဆန်းဝင်းညီအစ်ကို (၄)ဦး တို့ရောက်ရှိလာ ကြပြီး ဆက်လက် စာရင်း ရှင်းလင်းကြ ကြောင်း ။ ဒုတိယအကြိမ် ၎င်းတို့နှင့်စာရင်းရှင်းလင်းကြသည့်အခါ သုံးစွဲထားသော ငွေကျပ်၁၉၂သိန်း ကျော်အား ကော်မရှင်အဖြစ်ယူထားသည် ဟု ပြောကြောင်း ။ ထိုကဲ့သို့ကတိကဝတ်မရှိကြောင်းပြောရာ ၎င်းတို့ကငြင်းဆိုလာ ကြောင်း စပါးဝယ်ယူသည့် ပွဲစားများ နှင့် ရန်ကုန်တွင်ဆန်ရောင်းချသည့်ပွဲစားများကို ကော်မရှင်အဖြစ် စပါး၁၀၀လျှင် ၅၀၀ဝိ/-ဖြင့်လည်းကောင်း ။ ဆန် ၁ အိတ်လျှင် ငွေ၂၀ဝိ/-ဖြင့်လည်းကောင်း ကော်မရှင်ပေးပြီးသား ဖြစ် ကြောင်း ။ မောင်ကျော်ဆန်း စာရင်းနှင့်ဦးလှဖော်သူစာရင်း တွင်လည်း ထိုကဲ့သို့ပါရှိပြီး ဦးလှဖော်သူက စာရင်းစစ်များ ရှေ့တွင်စပါးတောင်း ၁၀၀ လျှင် ကော်မရှင် ၂၀၀ဝိ/-နှုန်း၊ဆန် ၁ အိတ်လျှင် ၂၀ဝိ/-နှုန်း တောင်းဆိုလာ ကြောင်း ။ ကျွန်မက ဦးလှဖော်သူ အား စာရင်းအပြီး ရှင်းလင်းပေးလျှင် စပါးတောင်း ၁၀၀ ကို ငွေ၁၀၀ဝိ/-၊ ဆန် ၁ အိတ်လျှင် ၁၀ဝိ/-နှုန်းဖြင့် ငါ ရှင်းပေးမည်ဟု

ပုံ/ x x x
(ကျော်မိုးဝင်း)
ဒုတိယခရိုင်တရားသူကြီး (၁)
စစ်တွေခရိုင်တရားရုံး

စစ်ဆေးပြီးမှန်ကန်ကြောင်း
တာဝန်ယူပါသည်
တာဝန်ခံမိတ္တူမှန်
အခွင့်ရအရာရှိ
6.3.18
(ခင်မိုးစန္ဒာ)
ဒုတိယဦးစီးမှူး
စစ်တွေခရိုင်တရားရုံး

ပြောခဲ့ကြောင်း ၊ ဦးလှဖော်သူ က ကော်မရှင် မရလျှင်စာရင်းမရှင်းနှင့်ဟု ပြော ကြောင်း ။ ဦးလှဖော်သူ ထံ မှ ရရန် ငွေများမှာ ငွေကျပ် (၁၉၂) သိန်းကျော်၊ (၉၅)သိန်းကျော် ၊ ၂၂၀၀၀/-ကျော် စုစုပေါင်း သိန်း ၂၉၀ကျော်၊ မောင်ကျော်ဆန်းဝင်း ထံမှ ဆန်အိတ် (၁၀၁၆)အိတ် အတွက် အဝယ်တန်ဖိုးငွေကျပ် သိန်း၁၄၀ကျော် စုစုပေါင်း ငွေကျပ် သိန်း ၄၃၀ကျော် ဖြစ်ကြောင်း ။ သင်္ဘောအပတ်စဉ် ၈/၉/၁၄ဖြင့် ဦးလှဖော်သူထံမှ မောင်ကျော်ဆန်းဝင်း ထံသို့ အပို့စာရင်းရှိခဲ့သော်လည်း မောင်ကျော်ဆန်းဝင်းထံမှ အရောင်းစာ ရင်းကိုလုံးဝမပေးပို့သဖြင့် ဆန်အိတ်ပေါင်းများစွာ ကိုလည်း ကျွန်မရရန်ကျန်ရှိနေ သေးကြောင်း ထွက်ဆိုသည်။

စာရင်းစစ်ဆေးခဲ့သူ ဦးဦးထွန်းသာ (လိုပြ-၁) နှင့် ဦးမောင်လှကျော် (လိုပြ-၂) တို့က ၂၀၁၃ ခုနှစ်က တရားလို၊ တရားပြိုင်တို့ ၏ ရှေ့မှောက်တွင် ၎င်းတို့၏ သဘောတူညီချက်အရ တစ်နေ့တာအလိုက်စာရင်း၊ တစ်ပတ်စာ စာရင်း၊ တစ်လစာ စာရင်းများ ကို အကြိမ်ကြိမ်အလီလီ ရှင်းဆိုရှင်းဆိုသောနေ့တွင် သွားရောက် ကြည့်ရှု ပေးခဲ့ရ ကြောင်း ။ ၂၀၁၄-၂၀၁၅ ခုနှစ် အရောက်တွင် စာရင်းများ ကွာဟမှုရှိလာ၍ ၎င်းတို့နှစ်ဦးနှစ်ဘက်၏ ညှိနှိုင်းသဘောတူညီ ချက်ဖြင့် ၎င်းတို့ တင်ပြသောစာရင်းဇယားများကို စစ်ဆေးခဲ့ကြောင်း ။ စစ်ဆေးရသောစာရင်းများ မှာ ဦးလှဖော်သူ တစ်ဦးတည်းမှ ပြုလုပ် တင်ပြ သော စာရင်းများအပေါ် အခြေခံ၍ ကြည့်ရှု ခဲ့ခြင်း ဖြစ်ပြီး စစ်ဆေးတွေ့ရှိချက်အရ တရားလို နှင့်တရားပြိုင်တို့မှာ လုပ်အားခပေးစနစ်ဖြင့် လုပ်ကိုင်ခြင်းမဟုတ်ဘဲ အကျိုးအမြတ်အပေါ် အချိုးကျ ခွဲဝေယူကြရန် ရှုံးလျှင်လည်း အတူခံစားကြရန်စနစ်ဖြင့် လုပ်ကိုင်ခြင်းဖြစ်ကြောင်း ၊ ၎င်းတို့နှစ်ဦးကြား တင်ပြသည့် အခါ သင်္ဘောတင်ပြေစာ၊ ရန်ကုန်စက်မှ ပြေစာမူရင်းတို့ကို ဦးလှဖော်သူ နှင့် သား ကျော်ဆန်းဝင်း တို့ဘက်မှ တင်ပြနိုင်ခြင်းမရှိ ကြောင်း ။ ဦးလှဖော်သူမှာ ရခိုင်ပြည်နယ် အတွင်းမှ ဝယ်ယူကြိတ်ခွဲ၊ ထုတ်ပိုး၊ ပို့ဆောင် လုပ်ငန်းများကို တာဝန်ယူပြီး သားဖြစ်သူ ကျော်ဆန်းဝင်းမှ ရန်ကုန်မြို့တွင် နေထိုင်ကာ ဦးလှဖော်သူပေးပို့သည့် ဆန်စပါးများကို ရန်ကုန်စက်များသို့ တာဝန်ခံ ကြိတ်ခွဲ ရောင်းချ သည့်လုပ်ငန်းကို လုပ်ကိုင်ခြင်း ဖြစ်ကြောင်း ၊ စာရင်းစစ်ဆေးခဲ့ပုံ အသေးစိတ် ကို ထွက်ဆိုပြီး အဆိုပါ စာရင်းစစ်အစီရင်ခံစာ ကို သက်သေခံ(ဆ)အဖြစ် တင်ပြသည်။

ဒေါ်အောင်ခင်ညွန့် (လိုပြ-၇) က လွန်ခဲ့သော ၃ နှစ်ကျော်ခန့်ကဟုထင်ပါသည်။ စစ်တွေမြို့ရှိ တရားလိုဒေါ်ချင်းမထံမှ ပေါက်တောမြို့ရှိ ဦးလှဖော်သူထံ လွှဲပြောင်းပေးသည့်ငွေ များကို ပို့ပေးခဲ့ရ ကြောင်း ၊ အတိအကျမမှတ်မိတော့ပါ။ ခန့်မှန်းခြေ အကြိမ်၁၀ကျော် ခန့်ရှိမည်ဟုထင် ကြောင်း ။ မှတ်မိသလောက် ဒေါ်ချင်းမထံမှ ဦးလှဖော်သူ ထံသို့ငွေလွှဲပို့ ရာ၌ တစ်ကြိမ်လျှင် အနည်းဆုံး ၄/၅ သိန်းခန့်မှ အများဆုံး သိန်း ၂၀ ကျော် ၃၀ ခန့်အထိ လွှဲပေးခဲ့ရ ကြောင်း ၊ ဒေါ်ချင်းမ ထံမှလွှဲပေးသည့်ငွေများကို တရားပြိုင်ဦးလှဖော်သူထံ လွှဲပေးရ ကြောင်း ၊ ဒေါ်ချင်းမ ထံမှ ဦးလှဖော်သူ ထံသို့လွှဲပေးသောငွေများမှာ ဆန်၊စပါးလုပ်ငန်းလုပ်ကိုင်ကြသည်ဟု သိရကြောင်း ထွက်ဆိုသည်။

ဒေါ်အေးဖြူချေ (လိုပြ-၈) လွန်ခဲ့သော ၃နှစ်ကျော်ခန့်က ဒေါ်ချင်းမ ထံမှ ပေါက်တော မြို့ ရှိ ဦးလှဖော်သူထံ ပေးပို့သော ငွေများကို ဒေါ်ချင်းမ ထံမှရယူပြီး ဦးလှဖော်သူ ထံ ပေးပို့ရ ကြောင်း ၊ အကြိမ်ပေါင်းမည်မျှလွှဲပေးခဲ့ရသည်ကိုတော့ကျွန်မမမှတ်မိတော့ ကြောင်း ၊ ဒေါ်ချင်းမ ထံမှ ဦးလှဖော်သူ ထံသို့ လွှဲပေးသောငွေများမှာ ဆန်စပါးလုပ်ငန်းအတွက် လွှဲပေး သည်ဟု သိရ ကြောင်း ထွက်ဆိုသည်။

မောင်မောင်အောင် (လိုပြ-၉) က တရားလို ဒေါ်ချင်းမ ၏ ထွက်ဆိုချက် အပေါ် ထောက်ခံ ထွက်ဆိုသည်။

စစ်ဆေးပြီးမှန်ကန်ကြောင်း
တာဝန်ယူပါသည်၊

တာဝန်ခံမိတ္တူမှန်

အခွင့်ရအရာရှိ
6.3.18
(ခင်မျိုးဝဏ္ဏာ)
ဒုတိယဦးစီးမှူး
စစ်တွေခရိုင်တရားရုံး

[illegible]
အမှုတွဲတွင်ရှိသည့်အတိုင်း
ရေးကူးသည်

ပုံ/ × × ×
(ကျော်မိုးဝင်း)
ဒုတိယခရိုင်တရားသူကြီး(၁)
စစ်တွေခရိုင်တရားရုံး

ဦးအောင်ကျော်သိန်း (လိုပြ-၃) ၊ ဦးစံလှ (လိုပြ-၄) ၊ ဦးစံရဲကျော် (လိုပြ-၅) ၊ ဦးမောင်ကျော်သိန်း (လိုပြ-၆) ၊ ဦးမောင်ဇံ (လိုပြ-၁၀) ၊ ဦးထွန်းစိန်ဦး (လိုပြ-၁၁) ၊ ဦးခင်မောင်သာ (လိုပြ-၁၂) ၊ ဦးထွန်းဝင်း(လိုပြ-၁၃) ၊ ဦးသောင်းထွန်းအောင် (လိုပြ-၁၄) ဦးကျော်သိန်းအောင်(ခ)ကျော်သိန်း (လိုပြ-၁၅) တို့က တရားလို နှင့် တရားပြိုင် တို့သည် ဆန်စပါး ဝယ်ယူ ၊ ကြိတ်ခွဲ ရောင်း ဝယ်ခြင်း လုပ်ငန်း များ ကို ပူးပေါင်း လုပ်ကိုင်သည် ဟု သိရ ကြောင်း ၊ ငွေလွှဲပေးခြင်း ၊ စပါး ရောင်းချခြင်း များ ပြုလုပ်ခဲ့ဖူးကြောင်း ထွက်ဆိုသည်။

(၁)တရားပြိုင် ဦးလှဖော်သူ က ၎င်း သည် တရားလို ဒေါ်ချင်းမ နှင့် ဆန်စပါး ရောင်းဝယ်ရေးလုပ်ငန်း ကို ၁၉၉၂-၉၃ ခုနှစ်မှ စတင်လုပ်ကိုင်လာခဲ့ ကြောင်း ၊ ထိုသို့လုပ်ကိုင်စဉ်က တရားလို မှ ငွေရင်းစိုက်ထုတ်ပေးပြီး၊ကျွန်တော်မှ လုပ်အားခစိုက်ထုတ်ကာ ရရှိလာသည့် အကျိုးအမြတ် ကိုနှစ်ဦးခွဲဝေယူကြ ကြောင်း ၊ ထိုသို့လုပ်ကိုင်လာရင်း ၁၉၉၆ ခုနှစ်တွင် စပါးအရောင်း အဝယ်မကောင်းသည့်အ တွက်လုပ်ငန်းရပ်ဆိုင်းထားခဲ့ကြ ကြောင်း ၊ ၂၀၀၇ ခုနှစ်ခန့် တွင် မှ တရားလို ဒေါ်ချင်းမ က ဆန်စပါး အရောင်းအဝယ် ပြန်လည် လုပ်ရန် ပြောဆိုသည့်အတွက် လုပ်ကိုင်ရန်သဘောတူပြီး ဒေါ်ချင်းမ မှ ၎င်းထုတ်ပေးသည့် ငွေ အရင်းအပေါ် ၂%အတိုးယူကာ ကျန်ငွေအရှုံးအမြတ်ကို နှစ်ဦးခွဲဝေယူရန်သဘောတူ လုပ်ကိုင်ခဲ့ခြင်းဖြစ် ကြောင်း ၊ လုပ်ကိုင်ရာ စပါးအရောင်းအဝယ်မကောင်းသည့်အတွက် ၎င်းနှစ်တွင်အရှုံးပေါ်ခဲ့ ကြောင်း ၊ ထိုနှစ်က ခန့်မှန်းခြေတစ်ဦးလျှင်ငွေ ၁၀သိန်းကျော်ခန့်အရှုံးပေါ်ခဲ့ ကြောင်း ၊ ၂၀၀၉/၁၀ ခုနှစ်တွင်ဒေါ်ချင်းမ မှ ဆန်စပါး အရောင်းဝယ် ဆက်လက်လုပ်ကိုင်ရန် ပြောရာ ၂၀၀၇-၀၈ ခုနှစ်က ငွေ ၁၀ သိန်းစီရှုံးထားပြီးဖြစ်၍ အရှုံး မခံနိုင်တော့ကြောင်း ၊ အကျိုးအမြတ်ကို အချိုးကျခွဲဝေခြင်းဖြင့် မလုပ်ကိုင်နိုင်တော့ ကြောင်း ၊ စပါးတောင်း ၁၀၀ ဝယ်ယူတိုင်း ၊ လုပ်အားခငွေ ၂၀၀၀/-စီနှင့် ဆန်၁ အိတ်ဝယ်တိုင်း လုပ်အားခငွေ ၂၀၀/-စီပေးမည်ဆိုပါက လုပ်ကိုင်ပေးမည်ဟု ပြောခဲ့ကြောင်း ၊ ထိုစဉ်က စဉ်းစားဦးမည် ပြောခဲ့ပြီး တစ်ပတ်ခန့်အကြာတွင် ဒေါ်ချင်းမမှ ပေါက်တောမြို့ရှိ နိုင်နိုင် ဆိုသူ ၏ ဖုန်းဆိုင် မှ တဆင့် ဖုန်းလှမ်းဆက်ပြီး တောင်းဆို ထားသည့်လုပ်အားခ ကို ပေးရန် သဘောတူကြောင်း ၊ ဆန်စပါးအလုပ်ကိုဆက်လက်လုပ်ကိုင်ပါ ဟု ပြောဆို သဖြင့် စပါး အရောင်းအဝယ် လုပ်ငန်း ကို လုပ်ကိုင်ခဲ့ကြောင်း ၊ တရားလို မှ ဒေါ်အေးဖြူချော ၊ ဒေါ်အောင်ခင်ညွန့် တို့ မှတဆင့် ငွေလွှဲပေးပို့သည့်အခါများလည်းရှိသလို ကိုယ်တိုင် စစ်တွေသို့ သွားရောက်သည့် အခါများ လည်း ရှိကြောင်း ၊ ဒေါ်ချင်းမ ပေးလိုက်သည့်ငွေများကိုကျွန်တော်မှ ၎င်းအတွက်ဆန်စပါးဝယ်ယူ ခြင်း၊ ဆန်ကြိတ်ခွဲခြင်း၊ ပြန်လည်ရောင်းချခြင်း၊ စသည့်အလုပ်များကို လုပ်ကိုင်ပေးရ ကြောင်း ၊ ထိုသို့ရောင်းချရာတွင် ပေါက်တောမြို့၌ရောင်းချသည့် အခါမျိုးရှိသလို၊ စစ်တွေမြို့ သို့ သွားရောက်ရောင်းချသည့် အခါမျိုးလည်းရှိပြီး၊ တစ်ခါတစ်ရံ ရန်ကုန်သို့ သင်္ဘောဖြင့် တင်ပေးလိုက်ပါ ဟု ဒေါ်ချင်းမမှခိုင်းသည့်အခါမျိုးတွင် လည်း ရှိ ကြောင်း ၊ ၂၀၀၈ ခုနှစ်တွင် စာရင်းရှင်းလင်းခဲ့ရာ စာရင်းအရှုံးပေါ်ခဲ့ ကြောင်း ၊ ၂၀၁၀ခုနှစ်၊ ၁၀ လပိုင်းအထိ စာရင်း ရှင်းလင်းခြင်း မပြုရသေးဘဲ ဒေါ်ချင်းမ မှထပ်မံပြီး စပါးအသစ် ဝယ်ယူရန်စေခိုင်းခဲ့ကြောင်း ၊ ၂၀၁၁ခုနှစ်တွင် ဝယ်ယူထားသော စပါးများ အား ဆန်ထိုးရန်ပြုလုပ် ခဲ့ကြောင်း ၊ စပါးအရည်အသွေးညံ့၍ အရှုံးပေါ်ခဲ့ ကြောင်း ၊ ၂၀၁၁ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်နေ့တွင် စစ်တွေမြို့ရှိ ဒေါ်ချင်းမ ၏ နေအိမ်သို့ စာရင်းရှင်းရန် ရောက်ရှိသွားခဲ့ ကြောင်း ၊ စာရင်းရှင်းကြစဉ် ဒေါ်ချင်းမ မှ ထုတ်ပေး ထားသည့်ငွေ အရင်းအတွက် ၂% အတိုးယူကာ ကျန် ငွေ ၇၂ သိန်းကျပ်အရှုံးပေါ်ကြောင်း ၊ ၎င်းငွေအား ကျွန်တော်မှ တာဝန်ယူပေးဆပ်ရမည်ဟုပြော ကြောင်း ၊ မိမိ က အရှုံးအမြတ် နှင့် ဘာမှ မသက်ဆိုင်ကြောင်း၊

စစ်ဆေးပြီးမှန်ကန်ကြောင်း တာဝန်ယူပါသည်။

တာဝန်ခံမိတ္တူမှန်

အခွင့်ရအရာရှိ
(ခင်မျိုးစန္ဒာ)
ဒုတိယဦးစီးမှူး
စစ်တွေခရိုင်တရားရုံး

ပုံ/ x x x
(ကျော်မိုးဝင်း)
ဒုတိယခရိုင်တရားသူကြီး (၁)
စစ်တွေခရိုင်တရားရုံး

လုပ်အားခဖြင့်ဝင်ရောက်လုပ်သူဖြစ် သည် ဟု ပြောကြောင်း ၊ စာချုပ် လက်မှတ် ရေးထိုး ခိုင်း ရာ အကြိမ်ကြိမ် ငြင်းဆိုခဲ့ သော်လည်း ဦးမောင်ကျော်အောင် က ရွှေဆိုင် က ရွှေခိုးမှု ဖြင့် ရဲစခန်း သို့ ဖုန်းဆက်မည် ဟု ခြိမ်းခြောက် ပြောဆိုသဖြင့် စိုးရိမ်လာ သည့် အတွက် လက်မှတ် ထိုးပေးခဲ့ရ ကြောင်း ၊ ထိုစာချုပ်ချုပ်ဆိုပြီး နောက် ၂၀၁၂ ခုနှစ်တွင် ဒေါ်ချင်းမ တို့နှင့် ဆန်စပါး အရောင်း အဝယ် လုပ်ကိုင်ခဲ့မှုမရှိတော့ ကြောင်း ၊ ၂၀၁၂ ခုနှစ်တွင်ဒေါ်ချင်းမမှ အကူအညီ တောင်း၍ ဆားများ ဝယ်ယူလုပ်ကိုင်ပေးခဲ့ ကြောင်း ၊ ၂၀၁၃ ခုနှစ်တွင် ပုဇွန်ကန် အား စပါးစိုက် မြေ အဖြစ် ပြောင်းရန် ကိစ္စ တိုင်ပင်ရန် စစ်တွေမြို့ သို့ လာရောက်စဉ် ဒေါ်ချင်းမ က စပါး အရောင်းအဝယ် ပြန်လုပ်ရန် ပြောဆို ၍ စပါးတောင်း၁၀၀ လျှင်ငွေ ၂၀၀ဝိ/-၊ဆန်တစ်အိတ်လျှင် ငွေ ၂၀ဝိ/- ဖြင့် စပါးဝယ်ယူခဲ့ရာစပါးတောင်း (၈၀၀၀) ကျော်ခန့်ဝယ်ယူရရှိ ခဲ့ကြောင်း ၊ ၁၉-၁-၂၀၁၃ ရက်နေ့တွင် ဒေါ်ချင်းမမှ ဒေါ်အေးဖြူချေဆိုသူနှင့်ငွေလွှဲပေးပြီး၊ ဝယ် ယူထားသည့် စပါး များ အားကြိတ်ခွဲရန် ပြော ကြောင်း ဒေါ်အေးဖြူချေနှင့်စတင်လွှဲပေးသည့်ငွေမှာ သိန်း ၂၀ ကျပ်ဖြစ် ကြောင်း ၊ ကြိတ်ခွဲ ရရှိသည့်ဆန်အိတ် (၇၄၃) အိတ် ကို ပုလဲရွှေဇင်သင်္ဘောပေါ်သို့ စက်လှေများဖြင့် ပထမအကြိမ် သွားရောက်တင်ပို့ပေး ခဲ့ရ ကြောင်း ၊ နောက်သင်္ဘောနှစ်စီးတွင်ဒေါ်ချင်းမ မှ စပါးနှင့် ဆန်အိတ်များ တင်ပို့ခိုင်းသည့်အတွက် ထပ်မံတင်ပို့ပေးခဲ့ရကြောင်း ၊ စပါး ဝယ်ရာတွင် ငွေ မလုံ လောက် ကြောင်း ပြောပြရာ တရားလို က ရသလောက်ဝယ်ယူထားရန် နှင့် အကြွေးငွေများကို အဖြတ်ဖြတ်ပို့ပေးမည် ဟု ပြောကြောင်း ၊ ထိုသို့ ပြောသော်လည်း တာဝန် မခံနိုင်သည့် အတွက် ဦးခင်မောင် ဆိုသူ မှဆန်အိတ်အများအပြား လာရောက်ရောင်းချရာတွင် တရားလို နှင့် တိုက်ရိုက်ဆက်သွယ်ပြီး မေးမြန်းကြည့်ရန် နှင့် တရားလို ကသဘောတူက ဝယ်မည် ဖြစ်ကြောင်း ပြောဆိုရာ ဦးခင်မောင် က ဒေါ်ချင်းမ ထံတိုက်ရိုက်ဆက် သွယ်ပြီး စပါးအကြွေးရောင်း ချရန်သ ဘောတူ သောအခါ တွင်မှ ဆန်အိတ်များ အားလက်ခံထား လိုက် ကြောင်း ၊ ထိုသို့ စပါးများ အား အကြိမ်ကြိမ် အကြွေးဝယ်ယူထားရာ စပါးဖိုးကြွေးငွေ ၁၉၂ သိန်းပေးဆပ်ရန်ရှိသည့်အတွက် ထည့်သွင်း တောင်းခံရာ တွင် မပေးဘဲ စပါး ဆက်ဝယ်ရန် ပြောခဲ့ကြောင်း ၊ မိမိ မှလည်း ဆက်လက် ဝယ်ယူခဲ့ကြောင်း ၊ ထိုသို့ဝယ်ယူရင်း ၂၀၁၃ခုနှစ်၊ ၈/၉လပိုင်း တွင် စပါးအဝယ်၊ ဆန်အဝယ် ရပ်နားထားခဲ့ ကြောင်း ၊ ထိုသို့ရပ်နားလိုက်သည်နှင့်တစ်ပတ် ၂ ပတ်ခန့်အကြာတွင် စပါးအကြွေး၊ ဆန်အကြွေးရောင်းချထားသည့်ကုန်သည်များမှ အကြွေးငွေများလာရောက်တောင်းခံ ကြ သည့် အတွက် အကြွေးစာရင်း တွက်ကြည့်ရာ သိန်းပေါင်း ၇၁၀ ကျော်ခန့်ပေးဆပ်ရန်ရှိ သည် ကို တွေ့ရှိရသဖြင့် ဒေါ်ချင်းမ ထံသို့ဖုန်းဆက် ပြောခဲ့ကြောင်း ၊ ဒေါ်ချင်းမထံမှ ၁၀ သိန်း/သိန်း ၁၅/ သိန်း ၂၀ စသည့်ဖြင့်အဖြတ်ဖြတ်လွှဲပေး ကြောင်း ၊ မိမိ က ထိုသို့ ငွေအနည်းငယ် လွှဲ ပေးရုံဖြင့် အဆင်မပြေကြောင်း ငွေအများလွှဲပေး ရန်ပြန်လည်ပြောဆို၍ ဦးမောင်ဖေ ဆိုသူ နှင့်ငွေသိန်း ၃၀ တစ်ကြိမ် ၊ ဦးစံလှဆိုသူနှင့် သိန်း ၅၀ တစ်ကြိမ်လွှဲပေး ကြောင်း ၊ အကြွေးများ မပြေလည် သည့် အတွက် ဒေါ်ချင်းမ နှင့်ဆက်သွယ်ပြီး စပါးအကြွေး၊ဆန်အကြွေးပေးရမည့်သူများမှ ရွှေအားခန့်မှန်း ဝယ်ယူလျှင် ရောင်းချပေးမည်လားဟုမေးမြန်းရာ ဒေါ်ချင်းမမှ ရွှေအထည် ဆိုလျှင် ရောင်းချ ပေးမည်၊ အခေါက်ဝယ်ယူလျှင်မရောင်းချနိုင် ကြောင်း ပြော၍ စပါးအကြွေး၊ ဆန်အကြွေး ပေးရန်ရှိသူများ၏အကြွေးငွေကိုပြေစာတွင်ရေးသားပေးပြီး၊ ရွှေ သွားရောက်ဝယ်ယူရန် ဒေါ်ချင်းမ ထံသို့ စေလွှတ်ခဲ့ ကြောင်း ၊ ထိုသို့ရွှေသွားရောက်ဝယ်ယူရင်း အကြွေးငွေသိန်း ၇၁၀ကျော်အ နက် ၁၇၅သိန်း ကျန်ရှိ သောအခါ ဒေါ်ချင်းမ မှ ရွှေလည်းထပ်မံမရောင်းချခြင်း မရှိတော့သလို ငွေကို လည်း လွှဲပေးခြင်းမရှိ တော့ကြောင်း ၊ ထိုအချိန်သီတွင်းကျွတ်ကာလဖြစ်၍ အကြွေးရရှိရန် ကျန်ရှိ သည့် သူများက လာရောက်ပြီး ပူဆာပြောဆိုသလို ရန်ရှာသည့်သူများလည်းရှိ ကြောင်း ၊

စစ်ဆေးပြီးမှန်ကန်ကြောင်း တာဝန်ယူပါသည်။

တာဝန်ခံမိတ္တူမှန်

အခွင့်ရအရာရှိ

(ခင်မျိုးစန္ဒာ)
ဒုတိယဦးစီးမှူး
စစ်တွေခရိုင်တရားရုံး

ပုံ/ x x x
(ဇော်မိုးဝင်း)
ဒုတိယခရိုင်တရားသူကြီး (၁)
စစ်တွေခရိုင်တရားရုံး

ဒေါ်ချင်းမ က လည်း ငွေလွှဲ မပေးသဖြင့် ရန်ကုန်မြို့ ရှိ (၂)တရားပြိုင် ကျော်ဆန်း ထံမှ ငွေ ၁၇၅ သိန်း ကျော် လွှဲခိုင်းပြီး အကြွေးများ ရှင်းပေးခဲ့ကြောင်း ။ ၂၀၁၄ ခုနှစ်တွင် ဇနီးနေထိုင်မကောင်း သည့် အတွက် ရန်ကုန်မြို့ သို့ သွားရောက်ဆေးကုသ ဒေါ်ချင်းမ နှင့် စာရင်းရှင်းလင်း ခဲ့ရခြင်း မရှိခဲ့ကြောင်း ။ ပြန်လည်ရောက်ရှိလာသည့် အချိန်တွင် ဒေါ်ချင်းမ မှ စာရင်းရှင်းလင်းကြမည် ဟု ပြောဆိုရာ ကျော်ဆန်း ကို လည်းစာရင်းရှင်းလင်းရန်ခေါ်ထား သည် ဟု ပြန်လည်ပြောခဲ့ကြောင်း ။ (၅-၃-၂၀၁၅) တွင် စစ်တွေမြို့ရှိဒေါ်ချင်းမ ၏ နေအိမ် တွင် စာရင်း ရှင်းလင်းရန် ပြောရာ၌ မိမိ မှာ ရှယ်ရာစပ်မဟုတ်သည့်အတွက် လုပ်အားခအဖြစ် စပါးတောင်း ၁၀၀ လျှင် ငွေ ၂၀၀၀/- ဆန်ဥအိတ် လျှင် ၂၀၀/- နှုန်းဖြင့် ယခင်ကပင် ကတိကဝတ်ရှိခဲ့သည့် အတိုင်း လုပ်အားခ ကို လည်းရှင်း လင်းပေး ရန် ပြောဆိုခဲ့ ကြောင်း ။ တရားလို ကလည်း လုပ်အားခ မပေးနိုင် ဟုပြန်လည် ပြောဆိုသဖြင့် ထိုသို့မပေးလျှင်စာရင်းမရှင်း နိုင်ဟု ထပ်မံပြောဆိုခဲ့ကြောင်း ။ ထိုအခါ စာရင်းစစ် နှစ်ဦး မှစာရင်းရှင်းလင်း၍မရလျှင် မရကြောင်း ။ စာချုပ်တစ် စောင်ပြုလုပ် ရမည် ဟုပြောဆို၍ ယင်းစာချုပ် တွင် လက်မှတ်ထိုးခဲ့ကြောင်း ။ ထိုစာချုပ်ပြုလုပ်ပြီး နောက်ပိုင်း ဒေါ်ချင်းမ နှင့် ယခုအချိန်အထိစာရင်းရှင်းလင်းခဲ့ကြခြင်းမရှိ ကြောင်း ။ ၂၀၁၅ ခုနှစ်တွင် ဦးမောင်ကျော်အောင် က စစ်တွေမြို့နယ်တရားရုံးတွင် ငွေ ၇၂ သိန်းကျပ်ရလိုမှုဖြင့် မိမိ နှင့် ဦးမောင်ကျော်အောင် တို့စာချုပ် ချုပ်ဆိုခဲ့ကြသည့် (၁၂-၁၂-၂၀၁၁) ရက်စွဲပါစာချုပ်အား (၁၂-၁၂-၂၀၁၃) ဟု ပြင်ရေးကာ တရားစွဲ ဆိုခဲ့ ကြောင်း ။ ယင်းအမှု မြို့နယ်ရုံးတွင်အမှုရင်ဆိုင်နေရစဉ် အတွင်း ဒေါ်ချင်းမ မှ တရားလို ပြုလုပ်ပြီး စာရင်းရှင်း လင်းပေးစေလိုမှုခေါင်းစဉ်ဖြင့်တရားစွဲဆိုခဲ့ ကြောင်း ။ ထို့နောက် ဒေါ်ချင်းမ က စွဲဆိုသည့်စာရင်းရှင်းလင်းပေး စေလိုမှု ကို ပြန်လည်ရုပ်သိမ်း ခဲ့ကြောင်း ။ မြို့နယ်ရုံး တွင် ဦးမောင်ကျော်အောင် မှ တရားလိုပြုလုပ်စွဲဆိုသောအမှု၌ မိမိ အား အနိုင် ပေးခဲ့ကြောင်း ။ အယူခံရုံးမှလည်း ထပ်မံအနိုင်ပေးခဲ့ ကြောင်း ။ ထို့နောက် ဒေါ်ချင်းမ က တရားလိုပြုလုပ်ပြီး၊ ယခုအမှု ကိုထပ်မံတရားစွဲဆို ခြင်း ဖြစ်ကြောင်း ။ ဒေါ်ချင်းမ စွဲဆို ထားသလို ကုန်ဖိုး ထုတ်ပေးငွေ အနက်ကျန်ငွေသိန်း (၄၄၃၅၁၅၅၃/-) ရလိုမှုစွဲဆိုထားခြင်းမှာ ယခုအချိန်အထိ စာရင်းရှင်းလင်း ကြခြင်းမရှိဘဲ၊ပေးစရာလည်း မ ရှိ ကြောင်း ။ လုပ်အားခ ကို ဒေါ်ချင်းမ မှ ရှင်းလင်းပေးခြင်း မရှိသေး ကြောင်း ။ တရားလို က အမှုတွဲ တွင် တင်ပြထားသည့် စာရင်းဇယား များနှင့်ပတ်သက်ပြီး မသိ ကြောင်း ။ ၎င်းတို့ တစ်ဘက်သတ်ပြုလုပ် ထားသည့် စာရင်းဇယား များသာဖြစ် ကြောင်း ထွက်ဆိုသည်။

(၂) တရားပြိုင် ဦးကျော်ဆန်းဝင်း(ခ)ဦးကျော်ဆန်း ၎င်း သည် ဒေါ်ချင်းမ ၏ ဘုရင့်နောင်ရှိ ပုဇွန်ခြောက်ပွဲရုံ လုပ်ကိုင် ကြောင်း ။ ထိုအချိန်ကစစ်တွေမြို့ရှိ ဒေါ် ချင်းမမှ ပုဇွန်ခြောက် များကို ပွဲရုံသို့တင်ပို့ပေးခဲ့ပြီး၊ ထိုပွဲရုံမှ ဒေါ်ချင်းမတင်ပို့ပေးသည့်ပုဇွန်ခြောက် များကိုရောင်းချပြီး၊ မင်္ဂလာတောင်ညွန့် မြို့နယ်၌နေထိုင်သူဒေါ်ချင်းမ ၏ သမီး သန်းသန်းနု ထံသို့ ငွေ သွားရောက် ပို့ပေးရကြောင်း ။ တစ်ခါတစ်ရံဒေါ်ချင်းမမှ ပွဲရုံမှထုတ်လာသည့်ငွေများကို ရွှေဝယ် ခိုင်း သည့်အတွက် မိမိမှထိုရွှေများကို ဝယ်ယူပြီး ဒေါ်ချင်းမ ၏သမီးထံသို့သွားရောက်ပေးပို့ရ ကြောင်း ။ ထိုသို့ လုပ်ကိုင်နေရင်း ၂၀၁၂ခုနှစ်ကုန်ခန့်အရောက်တွင် မိမိရရှိမည့်လစာငွေ အား ဒေါ်ချင်းမ က မပေးသည့် အတွက် ၎င်းလုပ်ငန်းမှ ထွက် ခဲ့ကြောင်း ။ နောက်ပိုင်း တွင် ပုဇွန်ခြောက် များ အား ဘုရင့်နောင်ပွဲရုံရှိ ပွဲရုံသို့တင်ပို့ပေးခဲ့ပြီး လုပ်အားအဖြစ် ၂% ကျပ် ရသည့် လုပ်ကိုင်ခဲ့ကြောင်း ။ ၂၀၁၃ ခုနှစ် တွင် ဒေါ်ချင်းမ က ဆန်စပါးလုပ်ငန်းတွင် ဝင်ရောက် လုပ်ကိုင် ရန် ပြန်လည်ခေါ် သဖြင့် ဆန်စပါးများ အား ဖခင် ဦးလှဖော်သူ မှတစ် ဆင့် ဆန်တစ်အိတ်လျှင်

စစ်ဆေးပြီးမှန်ကန်ကြောင်း တာဝန်ယူပါသည်။

တာဝန်ခံမိတ္တူမှန်

အခွင့်ရအရာရှိ

(စင်မိုးစန္ဒာ)
ဒုတိယဦးစီးမှူး
စစ်တွေခရိုင်တရားရုံး

(ကျော်စိုးဝင်း)
ဒုတိယခရိုင်တရားသူကြီး (၁)
စစ်တွေခရိုင်တရားရုံး

အလုပ်သမားခအဖြစ် ငွေ-၃၀၀ိ/- ဖခင် ဦးလှဖော်သူ အား စပါး၁၀၀လျှင်ငွေ-၂၀၀ိ/-နှင့် ဆန်တစ်အိတ်လျှင်ငွေ-၂၀ိ/- နှုန်း ဖြင့် လုပ်ကိုင် ခဲ့ကြောင်း ၊ ပွဲရုံများသို့ ရောင်းချပါက ငွေဖြတ်ပိုင်းဘောင်ချာများ မိမိထံသို့ပေးအပ်ခဲ့ခြင်း ရှိသလို၊ဆန်ကုန်စည်ဒိုင်သို့ ဆန်များ ရောင်းချခြင်း ဖြစ်ပါက ဆန် အိတ်အရေအတွက်အလိုက်ရေးမှတ်ကာ ကျသင့်သည့် ငွေပမာဏကို မိမိ ထံသို့ ငွေဖြတ်ပိုင်း ပြေစာမပါဘဲ ပေးအပ် ခြင်းများရှိ ကြောင်း ထိုသို့ဆန်ရောင်းချသည့်ငွေများ ကို ရရှိလာ သည့်အခါ ငွေများနှင့်ဖြတ်ပိုင်းပြေစာများအားလုံး ကို ဒေါ်ချင်းမ ၏ သမီး ထံသို့ တိုက်ရိုက်ချင်း သွားရောက် ပေးအပ်ခဲ့ရ ကြောင်း ၊ ငွေဖြတ်ပိုင်ပြေစာမပါဘဲရရှိလာသည့်ငွေများကို ဆန်အိတ် အရေအတွက်ကိုပြောကာထိုငွေများနှင့်တကွဒေါ်ချင်းမသမီးထံသို့သွားရောက် ပေးအပ်ရ ကြောင်း ၊ စာရင်းဘောက်ချာ များရရှိသည်များကိုပေးအပ်ပြီး ၊မရရှိသည့်စာရင်း ဘောင်ချာများကို မိမိမှ ဤကဲ့သို့စာရင်းဇယားများပြုလုပ်ကြောင်း ဒေါ်ချင်းမ၏ သမီး ဒေါ်သန်းသန်းနု အား ချက်ချင်း ပေးအပ်ရ ကြောင်း ၊ ၂၀၁၃ခုနှစ်၊၅/၆လခန့်တွင် ဖခင်ဦးလှဖော်သူ မှမိမိထံသို့ဖုန်းဖြင့် ဆက်သွယ် ကာ ပေါက်တောမြို့နယ်မှဆန်စပါးများ အကြွေးဝယ်ယူ ထားသည့်ငွေ-၁၉၂ သိန်းကျပ် အတွက် ဒေါ်ချင်းမ ထံမှ ငွေတောင်း ရာ ဒေါ်ချင်းမ က မပေး ဟု ပြောခဲ့ကြောင်း ၊ နောက်ပိုင်း ၁၀ လပိုင်းခန့်အရောက်တွင်မိမိမှ ဒေါ်ချင်းမထံသို့ဖုန်းဖြင့်ဆက်သွယ်ကာ အကြွေးငွေ-၁၉၂သိန်းကျပ် ပေးရမည်ဖြစ်ကြောင်း၊ သို့အတွက်မိမိမှ ဆန်စပါးအကြွေးငွေအတွက် ၁၇၅သိန်းကျပ် အား ဖခင်ဦးလှဖော်သူထံသို့ လွှဲပြောင်းအပ်မည်ဖြစ်ကြောင်း အကြောင်းကြားပြော ကာ ငွေ၁၇၅သိန်း အား ဖခင်ဦးလှဖော်သူ ထံသို့ရန်ကုန်မြို့မှနေပြီးလွှဲပြောင်းပေးအပ်ခဲ့ ကြောင်း ၊ ဆန်စပါး ရောင်းရ ငွေ များ ၊ ပြေစာဖြတ်ပိုင်းများအားလုံးကို ဒေါ်ချင်းမ၏သမီး ထံသို့ ပေးအပ်ရ ကြောင်း ၊ ၂၀၁၃ခုနှစ် အကုန်ခန့်တွင် ဒေါ်ချင်းမ မှ စာရင်းရှင်းရန် ခေါ်ယူနေကြောင်း ၊ ဖခင်ဦးလှဖော်သူ မှပြောဆိုခဲ့ရာ ထိုအချိန်က အလုပ်မအား ဟု ပြန်ပြောခဲ့ကြောင်း ၊ ထိုနောက်ပိုင်းတွင် မိခင်ဖြစ်သူ မှာ ကျန်းမာရေး အခြေအနေမကောင်းသည့်အတွက် စာရင်းရှင်းလင်း၍မပြုလုပ်ခဲ့ရ ကြောင်း ၊ ၂၆-၁-၂၀၁၅ရက်နေ့တွင် ဒေါ်ချင်းမ၏ နေအိမ် တွင် စာရင်းရှင်းလင်းရန်သွားရောက်ခဲ့ ကြောင်း ၊ ဖခင်ဦးလှဖော်သူ မှ စပါး (၁၀၀) လျှင်ငွေ၂၀၀ိ/-နှင့်ဆန်တစ်အိတ်လျှင်၂၀ိ/- နှုန်းတို့အား စာရင်းရှင်းတမ်း ၌ထည့်သွင်းရှင်းလင်းရန်ပြောဆိုစဉ် ဒေါ်ချင်းမမှ စပါး၁၀၀ လျှင်ငွေ-၁၀၀ိ/- နှင့်ဆန်တစ်အိတ်လျှင်၁၀ိ/-နှုန်းပေးမည်ဟုပြောဆိုရာ ဖခင်နှင့်အငြင်းအခုံပြောဆိုကြ ကြောင်း ၊ ယနေ့အချိန်အထိ စာရင်းရှင်းလင်းခဲ့မှုတစ်စုံတစ်ရာမှမရှိ ကြောင်း ၊ ထိုနောက်ပိုင်းတွင် ဒေါ်ချင်းမ ၏ ခင်ပွန်းဖြစ်သူ ဦးမောင်ကျော်အောင် မှ တရားလိုပြုလုပ်ကာ ဖခင်ဦးလှဖော်သူ နှင့် ညီဖြစ်သူ အောင်ညွှန့်ဝင်း တို့အား ငွေ ၇၂သိန်းကျပ်ရလိုကြောင်း တရားစွဲဆိုခဲ့ ကြောင်း ၊ ယင်းနောက်တွင် ငွေ ၁၉၂ သိန်းကျပ် အား စာရင်းဇယားရှင်းလင်းရလိုကြောင်း ဖခင်ဦးလှဖော်သူ နှင့် ညီဖြစ်သူ အောင်ညွှန့်ဝင်း တို့အားထပ်မံပြီးတရားစွဲဆိုခဲ့ ကြောင်း ၊ မိမိတို့ဖက်မှရှေ့နေငှါးရမ်းကာ အမှုအား ရင်ဆိုင်နေစဉ် ဒေါ် ချင်းမမှာ ၎င်းသူကိုယ်တိုင်ပင် ထိုအမှုအားပြန်လည်ရုပ်သိမ်းသွားခဲ့ ကြောင်း ၊ ပြီးနောက်ပိုင်းတွင်ဒေါ်ချင်းမမှ ယခုအမှုဖြင့် သိန်း၄၀၀ကျော်ရလိုကြောင်း ၊ မိမိ နှင့် ဦးလှဖော်သူ ၊ အောင်ညွှန့်ဝင်း တို့ ၃ ဦးအားထပ်မံပြီးတရားစွဲ ဆိုခဲ့ ကြောင်း ၊ စာရင်းဇယားများရှင်းလင်း ထားခြင်း မရှိသည့်အတွက် ယခုအမှုနှင့်မိမိတို့ သက်ဆိုင်မှုမရှိ ကြောင်း ၊ ထိုစာရင်းဇယား များအား ရှင်းလင်း ပြီးမှသာ ရှင်းရှင်းလင်းလင်းသိရှိရမည် ဖြစ်ကြောင်း ၊ ထိုဆန်စပါးရောင်းဝယ်ခဲ့သည့် လုပ်ငန်း အတွက်လုပ်အားခများကို ရှင်းလင်းပြီး လိုချင်ကြောင်း ထွက်ဆိုသည်။

စစ်ဆေးပြီးမှန်ကန်ကြောင်း
တာဝန်ယူပါသည်။
တာဝန်ခံမိတ္တူမှန်
အခွင့်ရအရာရှိ
(စင်မိုးဝဏ္ဏ)
ဒုတိယဦးစီးမှူး
စစ်တွေခရိုင်တရားရုံး

ပုံ/ x x x
(ကျော်စိုးဝင်း)
ဒုတိယခရိုင်တရားသူကြီး (၁)
စစ်တွေခရိုင်တရားရုံး

ဦးသာထွန်း (ပြိုင်ပြ-၁)၊ ဦးစောဖမောင် (ပြိုင်ပြ-၂)၊ ဒေါ်မြခင်သိန်း (ပြိုင်ပြ-၃) က ၎င်း သည် တရားပြိုင် ဦးလှဖော်သူ ၏ ပြောပြချက် အရ ဦးလှဖော်သူမှ စပါး ၁၀၀ လျှင်ငွေ၂၀၀၀/- ၊ဆန် (၁) အိတ်လျှင်ငွေ၂၀၀၀/-ဖြင့် ဒေါ်ချင်းမ ၏ ဆန်စပါးရောင်းဝယ်ရေးလုပ်ငန်း သို့ ဝင်ရောက် လုပ်ကိုင်ခြင်းဖြစ် သည် ဟု ပြောပြ သိရကြောင်း ထွက်ဆိုသည်။

ယခု အမှု တွင် တရားလို ဒေါ်ချင်းမ နှင့် တရားပြိုင် ဦးလှဖော်သူ ၊ ဦးကျော်ဆန်း (ခ) ကျော်ဆန်းဝင်း တို့ သည် ဆန်စပါး လုပ်ငန်း အတူ လုပ်ကိုင်ခဲ့ကြောင်း ၊ ထိုသို့ အတူလုပ်ကိုင်ရာ တွင် တရားလို ဒေါ်ချင်းမ က ငွေကြေး အရင်းအနှီးစိုက်ထုတ်ပေးပြီး တရားပြိုင် ဦးလှဖော်သူ ၊ ဦးကျော်ဆန်း (ခ) ကျော်ဆန်းဝင်း တို့က ဦးစီး၍ ကိုယ်တိုင်ကိုယ်ကျ ပါဝင် လုပ်ကိုင် ကြခြင်း ဖြစ်ကြောင်း နှစ်ဘက် အငြင်းမပွားကြချေ။ နှစ်ဘက် အငြင်းပွားသည့် အချက် မှာ ထိုသို့ လုပ်ကိုင်ကြရာ တွင် တရားလို မှ ငွေကြေးစိုက်ထုတ်ပြီး အကျိုးအမြတ်၊ အပေါ် အရှုံးကျခွဲဝေ ယူကြရန် သဘောတူညီ ချက်ဖြင့် လုပ်ကိုင်ခဲ့သည် ဟု တရားလို ဘက် မှ တင်ပြနေပြီး တရားပြိုင် ဘက်မှ ဆန်စပါး အရောင်း အဝယ်လုပ်ငန်း ကို အတူ လုပ်ကိုင်ခဲ့သည် မှန်သော်လည်း တရားလို နှင့် အကျိုးတူ လုပ်ကိုင်ခြင်း မျိုး မဟုတ်ဘဲ လုပ်အားခ စား ဖြင့် လုပ်ကိုင်ခဲ့ခြင်း ဖြစ်ကြောင်း ၊ တရားပြိုင် တို့ က လုပ်အား စိုက်ထုတ် ဝယ်ပေးရသည့် အတွက် စပါး ၁၀၀ တောင်း လျှင် ငွေ၂၀၀၀/- ဆန် (၁) အိတ်လျှင်ငွေ၂၀၀၀/-ဖြင့် ရယူ လုပ်ကိုင်ခြင်း ဖြစ်ကြောင်း အငြင်းပွားကြပြီး စာရင်း မရှင်းလင်းရသေး ကြောင်း ငြင်းဆိုနေခြင်း ဖြစ်သည် ကို တွေ့ရသည်။ အမှု တွင် တရားလို ၏ ထွက်ဆိုချက် အရ လည်းကောင်း ၊ တရားပြိုင် တို့ ၏ ထွက်ဆိုချက် အရ လည်းကောင်း ပေါ်ပေါက် သည်မှာ တရားပြိုင် တို့သည် တရားလို ထံ မှ ငွေများ ကို အကြိမ်ကြိမ် လက်ခံရယူခဲ့ ကြောင်း ပေါ်ပေါက်သည်။ တရားပြိုင် များ က စာရင်းရှင်းလင်းရခြင်း မရှိသေးသည့် အတွက် ငွေ ပေးဆပ်ရန် မလိုအပ်ကြောင်း တင်ပြထုချေ ချက် ရှိသည် ကို တွေ့ရသည်။ တရားလို ဘက် မှ ငွေပေးအပ်ခဲ့မှု အသေးစိတ် ကို လည်းကောင်း ၊ ငွေပြန်လည် ရရှိမှု ကိုလည်းကောင်း ၊ ရရန် ပေးရန် စာရင်းများ ကို မိမိ တွင် ရှိသည့် စာရင်းဇယား အရ စာရင်းရှင်းလင်း တွက်ချက် ၍ တင်ပြထား သည် ကို တွေ့ရသည်။ တရားပြိုင် ဘက်မှ စာရင်း ရှင်းလင်း ရခြင်း မရှိသေးကြောင်း သာ ထုချေ တင်ပြပြီး မည်သည့် နေ့က မည်မျှရသည် ဆန်စပါး မည်မျှဝယ်ယူပြီး မည်မျှ တင်ပို့ပေးသည် ငွေအား ဖြင့် မည်၍ မည်မျှ ဖြစ်သည် စသည်ဖြင့် ရှင်းလင်း ထုချေမှု အရှင်းမရှိသည် ကို တွေ့ရသည်။ ထို့ပြင် စာရင်း တစ်စုံတစ်ရာ ကိုလည်း တင်ပြခြင်း မရှိ ဘောက်ချာ တစ်စုံတစ်ရာ လှည်း တင်ပြထုချေ ခြင်း မပြုသည် ကို တွေ့ရသည်။ တရားလို ဘက်တင်ပြသည့် စာရင်း အရ ဆိုလျှင် တရားလို နှင့် တရားပြိုင် အကြား အတူ လုပ်ကိုင်သည့် လုပ်ငန်း ပမာဏ သည် ငွေကျပ် သိန်းပေါင်း (၅၃၇၃) သိန်းကျော် ဖြစ်သည် ကို တွေ့ရသည်။ ထိုမျှများပြားလှသော ပမာဏ ရှိသည့် လုပ်ငန်း ဆောင်ရွက်မှု တွင် တရားပြိုင် ထံတွင်လည်း ဘောက်ချာ ကဲ့သို့သော စာရွက်စာတမ်း အပြည့်အစုံ မရှိသည် မှာ ဖြစ်နိုင်သည် မှာ မှန်သော်လည်း အရ ၊ အပေး စာရင်း ကုန်ပစ္စည်း တင်ပို့မှု ၊ ရောင်းချရငွေ စသည် ဖြင့် အသေးစိတ် စာရင်း တော့ ရှိပေလိမ့်မည်။ တရားလို ဘက် က စာရင်း အသေးစိတ် ရှင်းလင်း တွက်ချက်ပြီး ငွေရလိုကြောင်း တရားမမှု စွဲဆိုသည် တွင် တရားပြိုင် တို့ အနေဖြင့် စာရင်း ရှင်းလင်းရခြင်း မရှိသေး၍ ပေးစရာမလို ဟု သာ မရေမရာ ထုချေ ရုံဖြင့် လုံလောက်မည် မဟုတ်ချေ။ မိမိ ဘက်မှ လည်း ရရန် ပေးရန် စသည် ဖြင့် စာရင်း ကို ရှင်းလင်း ထုချေသင့်သည့် အနေအထား ဖြစ်သည်။ တရားပြိုင် တို့ ၏ ချေလွှာ ကိုကြည့်လျှင် ငွေလက်ခံ ရယူခဲ့ခြင်း နှင့် ပတ်သက်၍ ငြင်းဆိုခြင်း မရှိသည် ကို လည်း တွေ့ရသည်။ တရားမ ကျင့်ထုံး

စစ်ဆေးပြီးမှန်ကန်ကြောင်း တာဝန်ယူပါသည်။
တာဝန်ခံမိတ္တူမှန်
အခွင့်ရအရာရှိ
Zandar 6.3.18
(ခင်မျိုးစန္ဒာ)
ဒုတိယညွှန်ကြားရေးမှူး
စစ်တွေခရိုင်တရားရုံး

(ကျော်စိုးဝင်း)
ဒုတိယခရိုင်တရားသူကြီး (၁)
စစ်တွေခရိုင်တရားရုံး

ဥပဒေ အမိန့် ၈၊ နည်း ၃ နှင့် နည်း ၄ အရ တရားလို အဆိုပြုထားသည့် အချက်များ ကို တရားပြိုင် က ချေလွှာ တွင် ယေဘုယျဆန်ဆန် ငြင်းကွယ်ရုံဖြင့် မလုံလောက်ကြောင်း တိတိကျကျ ငြင်းကွယ် ရမည် ဖြစ်ကြောင်း ၊ ဝေ့လည်ချောင်ပတ် ငြင်းကွယ်ခြင်း မပြုဘဲ လိုရင်း အချက် ကို တိတိကျကျ ငြင်းကွယ် ထုချေရမည် ဖြစ်ကြောင်း ပြဋ္ဌာန်းထားသည်။ ထိုသို့ ငြင်းကွယ်ခြင်း မပြုပါက ဝန်ခံ သည် ဟု မှတ်ယူရမည် ဖြစ်ကြောင်း တရားမ ကျင့်ထုံး ဥပဒေ အမိန့် ၈၊ နည်း ၅ တွင် ပြဋ္ဌာန်းထားသည်။ ယခုအမှု တွင် တရားပြိုင် အနေဖြင့် မိမိ ထံ တရားလို က လွှဲပေးသည့် ငွေ အခြားနည်း ဖြင့် ရောက်ရှိ ငွေ ပမာဏ ကို လုံး၀ ချေပ ခြင်းဆိုခြင်း မရှိရာ တရားလို ၏ အဆိုလွှာ အချက် မငြင်းကွယ်နိုင်၍ သာ ဖြစ်သည် ဟု ယူဆဖွယ်ရာ ဖြစ်ပေသည်။ အထက်ဖော်ပြပါ အချက်များ အရ ဆိုလျှင် တရားပြိုင် တို့သည် တရားလို အဆိုပြု တင်ပြထားသည့် စုစုပေါင်း (၃၃၇၄၀၀၀)ကျပ် ကို ရရှိသည် ဟုသာ မှတ်ယူရမည် ဖြစ်သည်။ အတူလုပ်ငန်း လုပ်ကိုင်ရန် အတွက် မိမိထံ သို့ ပေးအပ်ထားသည့် ငွေ ကို ငွေလက်ခံ ရယူသူ အနေဖြင့် ရှင်းလင်းရန် တာဝန် ရှိမည် မှာ ရှင်းလင်း မြင်သာသော အချက် ဖြစ်ပေသည်။ တရားပြိုင် ဘက် မှ ငွေ ရယူခဲ့ခြင်း လက်ခံခဲ့ခြင်း မရှိ ဟု ငြင်းဆိုလျှင် သက်သေပြရန် တာဝန် သည် တရားလို ဘက် တွင် ကျရောက်မည် ဖြစ်သော်လည်း ယခုအမှုကဲ့သို့ ငွေရယူထားသည် ဟု ယူဆရမည့် အမှု မျိုး တွင် သက်သေခံ အက်ဥပဒေ ပုဒ်မ ၁၀၂ အရ မည်၍ မည်မျှ ပေးပြီး ဖြစ်ကြောင်း တနည်းဆိုရသော် မည်မျှ ကျန်ရှိကြောင်း သက်သေပြရန် တာဝန် မှာ တရားပြိုင် ဘက်တွင် တည်ရှိမည်ဖြစ်ပေသည်။

အမှုတွင် တရားလို ၏ အဆိုလွှာ ၌ တရားလိုမှ စိုက်ထုတ်ငွေများအပေါ် တရားပြိုင် (၁)က အတိုး ၂% ပေးရကာ အမြတ်ရရှိပါက ယင်းငွေ၏ ၂ %ကို တရားလိုက ရယူပြီး၊ ကျန်ငွေ အပေါ် အချိုးကျရယူသည် ဟု အဆိုပြုထားခြင်း မရှိသည် ကို တွေ့ရသည်။ တရားပြိုင် ဘက်မှ လည်း ယခင် ဆန်စပါး အရောင်း အဝယ် ရေး အတူ ပြုလုပ်စဉ်က သာ ထိုသို့ အကျိုးအမြတ် ခွဲဝေယူကြောင်း ချေပချက် ရှိပြီး ယခု စွဲဆိုသည့် ကိစ္စ တွင် တရားပြိုင် တို့ က လုပ်အား စိုက်ထုတ် ဝယ်ပေးရသည့် အတွက် စပါး ၁၀၀ တောင်း လျှင် ငွေ၂၀၀၀/- ဆန် (၁) အိတ်လျှင်ငွေ၂၀၀၀/-ဖြင့် ရယူ လုပ်ကိုင်ခြင်း ဖြစ်ကြောင်း ချေပထားသည် ကို တွေ့ရသည်။ တရားလို ဘက်မှ တင်ပြသည် မှာ တရားလို မှ ငွေကြေးစိုက်ထုတ်ပြီး အကျိုးအမြတ်၊အပေါ် အချိုးကျ ခွဲဝေစားကြရန် သဘောတူညီ ချက်ဖြင့် လုပ်ကိုင်ခဲ့သည် ဟု အဆိုပြုချက် ရှိသည်။ တရားပြိုင် တို့ က လုပ်အား စိုက်ထုတ် ဝယ်ပေးရသည့် အတွက် စပါး ၁၀၀ တောင်း လျှင် ငွေ၂၀၀၀/- ဆန် (၁) အိတ်လျှင်ငွေ၂၀၀၀/-ဖြင့် ရယူ လုပ်ကိုင်ခြင်း ဖြစ်ကြောင်း ချေပ သော်လည်း မိမိ ရရှိမည့် လုပ်အား နှင့် ပတ်သက်၍ လည်းကောင်း ၊ ထိုသို့သဘောတူညီချက် ရှိပါသည် ဟု မှတ်သား တွက်ချက် ထား သည့် စာမှတ်စာတမ်း တစုံတရာ ကို သော်လည်းကောင်း တင်ပြ ထုချေနိုင်ခြင်း မရှိသည် ကို တွေ့ရသည်။ အမှုပေါ်ပေါက်ချက် အရ တရားလို မှ ငွေကြေးစိုက်ထုတ်ပြီး အကျိုးအမြတ်၊အ ပေါ်အချိုးကျခွဲဝေစားကြရန် သဘောတူညီ ချက်ဖြင့် လုပ်ကိုင်ခဲ့သည် ဟု သာ ယူဆသင့် သည့် အနေအထား ဖြစ်ကြောင်း တွေ့ရသည်။

သို့ဖြစ်၍ တရားလိုနှင့်တရားပြိုင်များတို့ သည် ဆန်စပါး အရောင်းအဝယ် လုပ်ငန်းလုပ် ကိုင်ရန် တရားလို မှ ငွေကြေးစိုက်ထုတ်ပြီး အကျိုးအမြတ်၊ အပေါ်အချိုးကျခွဲဝေ စားကြရန် သဘောတူညီ ချက်ဖြင့် လုပ်ကိုင်ခဲ့သည် မှာ မှန်ကန်ကြောင်း ငြင်းချက် (၁) ကို တရားလို အသာပေး ဖြေကြားလိုက်သည်။

စစ်ဆေးပြီးမှန်ကန်ကြောင်း
တာဝန်ယူပါသည်။

တာဝန်ခံမိတ္တူမှန်

အခွင့်ရအရာရှိ
6.3.18
(ခင်မျိုးစန္ဒာ)
ဒုတိယဦးစီးမှူး
စစ်တွေခရိုင်တရားရုံး

ပုံ/ x x x
(ကျော်ကိုးဝင်း)
ဒုတိယခရိုင်တရားသူကြီး (၁)
စစ်တွေခရိုင်တရားရုံး

၄၇

ငြင်းချက်(၂)

(၈-၆-၂၀၁၃) ရက်နေ့ ဖော်ပြသည့် စာရင်းတွင် တရားပြိုင်များက မည်သည့်ပစ္စည်းများမှ မဝယ်ဘဲ ငွေ (၁၉၂၈၄၄၉၂) ကျပ်ကိုစာရင်းတွင်ထည့်သွင်း တောင်းခံထားခြင်းဖြစ်သည် ဆိုရာ - မှန်သလား ( သို့မဟုတ် ) တရားပြိုင် (၁) သည် လယ်သမားများထံမှ စပါးအကြွေးဝယ်ယူခဲ့၍ ရန်ကုန်မှ ပေးပို့သောဆန်ဖိုးငွေ များဖြင့် ပေးဆပ်ခဲ့ရသဖြင့် ငွေ (၁၉၂၈၄၄၉၂)ကျပ် ကို ထည့်သွင်း တောင်းခံလားခြင်းဖြစ်သည် ဆိုရာ - မှန်ပါသလား ဟူသော ငြင်းချက် နှင့် စပ်လျဉ်း၍ သုံးသပ်ရသော်- ငြင်းချက် (၁) ဖြေကြားရာ တွင် သုံးသပ်ထားသည့် အချက် ဖြစ်သည့် ချေလွှာတွင် တိတိကျကျ ငြင်းကွယ် သင့်သည့် အချက် ကို ဝေ့လည်ချောင်ပတ် ချေပသည့် အချက် အရ ...ည်းကောင်း ၊ တရားပြိုင် မှ ငွေ (၁၉၂၈၄၄၉၂)ကျပ် ကို ဆန်စပါး ဖိုး အကြွေးများ ပေးဆပ်ခဲ့ရသည်ဆိုသော အချက် နှင့် စပ်လျဉ်း၍ မည်သူများ ထံ မည်မျှ ဖြစ် ဆိုသော အချက် ကို တိတိကျကျ စာရင်းရှင်းလင်း ထွက်ဆိုနိုင်ခြင်း မရှိသည့် အချက် တို့ အရ တရားပြိုင် ဘက် တင်ပြချက် မှာ ...ကြည့်လက်ခံ ရန် မသင့်ချေ။

သို့ဖြစ်၍ (၈-၆-၂၀၁၃) ရက်နေ့ ဖော်ပြသည့် စာရင်းတွင် တရားပြိုင်များက မည်သည့်ပစ္စည်း များမှ မဝယ်ဘဲ ငွေ (၁၉၂၈၄၄၉၂) ကျပ်ကိုစာရင်းတွင်ထည့်သွင်း တောင်းခံထားခြင်းဖြစ်သည် ဆိုသည်မှာ မှန်ကန်ကြောင်း ငြင်းချက် (၂) ကို တရားလို ဘက် အသာ ပေးဖြေကြားလိုက်သည်။

ငြင်းချက် (၃)

တရားလိုသည် တရားပြိုင်များသို့ ထုတ်ပေးသည့်ငွေများအနက် မှ ကျန်ငွေ (၄၄၃၅၁၅၅၃) ကျပ် ရရန် ကျန်ရှိခြင်း ရှိ မရှိ ဆိုသော ငြင်းချက် နှင့် စပ်လျဉ်း၍ သုံးသပ်ရသော် - တရားလို နှင့် တရားပြိုင် အကြား အတူ လုပ်ကိုင်သည့် လုပ်ငန်း ပမာဏ သည် ငွေကျပ် သိန်းပေါင်း (၅၃၇၃) သိန်းကျော် ဖြစ်သည်။ ထိုမျှများပြားလှသော ပမာဏ ရှိသည့် လုပ်ငန်း ဆောင်ရွက်မှု တွင် တရားပြိုင် ထံတွင်လည်း ငွေကြေး အရ ၊ အပေး စာရင်း ကုန်ပစ္စည်း တင်ပို့မှု ၊ ရောင်းချရငွေ စသည် ဖြင့် အသေးစိတ် စာရင်း တော့ ရှိပေလိမ့်မည် ဟု ယုံကြည်ရပေသည်။ တရားလို ဘက် က စာရင်း အသေးစိတ် ရှင်းလင်း ထွက်ချက်ပြီး ငွေရလိုကြောင်း တရားမမှု စွဲဆိုသည် တွင် တရားပြိုင် တို့ အနေဖြင့် စာရင်း ရှင်းလင်းရခြင်း မရှိသေး၍ ပေးစရာမလို ဟု သာ မရေမရာ ထုချေ ယုံဖြင့် လုံလောက်မည် မဟုတ်ချေ။ တရားမ ကျင့်ထုံး ဥပဒေ အမိန့် ၈၊ နည်း ၃ နှင့် နည်း ၄ အရ တရားလို အဆိုပြုထားသည့် အချက်များ ကို တရားပြိုင် က ချေလွှာ တွင် ယေဘုယျဆန်ဆန် ငြင်းကွယ်ယုံဖြင့် မလုံလောက်ကြောင်း တိတိကျကျ ငြင်းကွယ် ရမည် ဖြစ်ကြောင်း ၊ ဝေ့လည်ချောင်ပတ် ငြင်းကွယ်ခြင်း မပြုဘဲ လိုရင်း အချက် ကို တိတိကျကျ ငြင်းကွယ် ထုချေရမည် ဖြစ်ကြောင်း ပြဋ္ဌာန်းထားသည်။ ထိုသို့ ငြင်းကွယ်ခြင်း မပြုပါက ဝန်ခံသည် ဟု မှတ်ယူရမည် ဖြစ်ကြောင်း တရားမ ကျင့်ထုံး ဥပဒေ အမိန့် ၈၊ နည်း ၅ တွင် ပြဋ္ဌာန်းထားသည်။ ဦးလွန်း နှင့် ဦးချစ်လှိုင် အမှု[၁] တွင် တရားမ ကျင့်ထုံး ဥပဒေ အမိန့် ၈၊ နည်း ၅ အရ အဆိုလွှာ တွင် စွပ်စွဲခဲ့သည့် အကြောင်းခြင်းရာ ကို အတိ အလင်း ငြင်းဆိုခြင်းမပြုလျှင် ဝန်ခံခြင်းမပြု ကြောင်း မငြင်းဆိုလျှင် သွယ်ဝိုက်၍ ဝန်ခံရာရောက်ကြောင်း ၊ အတိအလင်း ဝန်ခံဘိသကဲ့သို့ အကျိုးသက် ရောက်ကြောင်းထုံးပြုထားသည်ကို တွေ့ရသည်။ ယခုအမှုတွင် တရားပြိုင် အနေဖြင့် မိမိ ထံ တရားလို က လွှဲပေးသည့် ငွေ အခြားနည်း ဖြင့် ရောက်ရှိ ငွေ ပမာဏ ကို လုံးဝ ချေပ ခြင်းဆိုခြင်း မရှိရာ တရားလို ၏ အဆိုလွှာ ပါ အချက် မငြင်းကွယ်နိုင်၍ သာ ဖြစ်သည် ဟု ယူဆရမည် ဖြစ်သည်။ ထိုအချက်များ အရ ဆိုလျှင် တရားပြိုင် တို့သည် တရားလို အဆိုပြု တင်ပြထားသည့် စုစုပေါင်း (၅၃၇၃၉၀၇၀၀)ကျပ် ကို ရရှိသည် ဟုသာ မှတ်ယူရမည် ဖြစ်သည်။

---

[၁] ၁၉၅၄ မတစ စာ ၃၃၅ (လွှတ်တော်)

စစ်ဆေးပြီးမှန်ကန်ကြောင်း
တာဝန်ယူပါသည်။

တာဝန်ခံမိတ္တူမှန်

အခွင့်ရအရာရှိ
6.3.18
(ခင်မျိုးစန္ဒာ)
ဒုတိယဦးစီးမှူး
စစ်တွေခရိုင်တရားရုံး

(ကျော်စိုးဝင်း)
ဒုတိယခရိုင်တရားသူကြီး (၁)
စစ်တွေခရိုင်တရားရုံး

အတူလုပ်ငန်း လုပ်ကိုင်ရန် အတွက် မိမိထံ သို့ ပေးအပ်ထားသည့် ငွေ ကို ငွေလက်ခံ ရယူသူ အနေဖြင့် ရှင်းလင်းရန် တာဝန် ရှိမည် မှာ ရှင်းလင်း မြင်သာသော အချက် ဖြစ်ပေသည်။ တရားပြိုင် ဘက် မှ ငွေ ရယူခဲ့ခြင်း လက်ခံခဲ့ခြင်း မရှိ ဟု ငြင်းဆိုလျှင် သက်သေပြရန် တာဝန် သည် တရားလို ဘက် တွင် ကျရောက်မည် ဖြစ်သော်လည်း ယခုအမှုကဲ့သို့ ငွေရယူထားသည် ဟု ယူဆရမည့် အမှု မျိုး တွင် သက်သေခံ အက်ဥပဒေ ပုဒ်မ ၁၀၂ အရ မည်၍ မည်မျှ ပေးပြီး ဖြစ်ကြောင်း တနည်းဆိုရသော် မည်မျှ ကျန်ရှိကြောင်း သက်သေပြရန် တာဝန် မှာ တရားပြိုင် ဘက်တွင် တည်ရှိမည်ဖြစ်ပေသည်။ တရားပြိုင် အနေဖြင့် မိမိ အပေါ် ငွေကြေး စာရင်းဇယား အသေးစိတ် ကို စာရင်းစစ်ဖြင့် စစ်ဆေး တွက်ချက်ပြီး တောင်းခံသည့် ယခု အမှု ကဲ့သို့သော အမှု မျိုး တွင် ရရန် ပေးရန် စာရင်း ကို ဖြစ်နိုင်သမျှ တွက်ချက်၍ ထုချေ ရှင်းလင်း သင့်သော အခြေအနေ ဖြစ်သည် မှာ မြင်သာ သော အချက် ဖြစ်သည်။ ယခုအမှု တွင် တရာပြိုင် ဘက် မှ စာရင်းရှင်းလင်း ချေပ မှု မရှိသည် ကို တွေ့ရသည်။ တရားပြိုင် ဘက် ချေပချက် ဖြစ်သည့် စာရင်းရှင်းလင်းရခြင်း မရှိသေးသည့် အတွက် တရားစွဲဆိုရန် အကြောင်း မပေါ်ပေါက် ၊ ငွေပေးဆပ်ရန် မလိုအပ် ဆိုသော ချေပချက် မှာ ဥပဒေ အရ လက်ခံ၍ ရနိုင်သော အချက် လည်း မဟုတ်ချေ။

တရားလို ဘက် မှ အဆိုလွှာ တွင် တရားလိုမှ တရားပြိုင်သို့ အလီလီ ထုတ်ပေး ထားသော ငွေမှ ငွေထုတ်ဘောင်ချာ၊ ငွေထုတ်လက်မှတ်ထိုးစာအုပ်အရ တန်ဖိုး ငွေ မှာ ကျပ် (၅၃၁၄၁၃၈၀၀)ကျပ် ရှိခဲ့ကြောင်း ၊ ထို့အပြင် တရားလို မှ ဦးလှဖော်သူ ဆန်စပါး ဝယ်ယူမှု လုပ်ငန်း တွင် အသုံးပြုရန်အတွက် တယ်လီဖုန်း၊ အိတ်ချုပ်စက် ဂုံနီခွံနှင့် ငွေလွှဲခများ အတွက် ထုတ်သုံး ထားငွေမှာ ကျပ် (၅၉၇၇၉၀၀) ကျန်ရှိကြောင်း ၊ အလီလီ လွှဲပြောင်း ထုတ်ပေး ငွေ နှင့် လုပ်ငန်းသုံး အတွက် ထုတ်သုံးထားငွေ စုစုပေါင်းမှာ (၅၃၇၃၉၁၇၀၀) ကျပ်ဖြစ်ကြောင်း ၊ အဝယ်တန်ဖိုး၊ ရောင်းချမှု တန်ဖိုးမှာ ဦးလှဖော်သူ နှင့် ဦးကျော်ဆန်း တို့မှပေးပို့ထားသော ရှင်းတမ်းများကို အခြေခံ ရေးဆွဲထားသည့် စာရင်းရှင်းတမ်း အရ တရားပြိုင် များ ထံ မှ စုစုပေါင်း ရရန်ကျန်ငွေ (၄၄၃၅၁၅၅၃) ကျပ် ဖြစ်ကြောင်း ဖော်ပြတောင်းခံ ထားသည် ကို တွေ့ရသည်။ စာရင်းစစ်ဆေးခဲ့သူ ဦးဦးထွန်းသာ (လိုပြ-၁) နှင့် ဦးမောင်လှကျော် (လိုပြ-၂) တို့က အမှု မှ တရားလို နှင့် တရားပြိုင် တို့အကြား ဆန်စပါး အရောင်းအဝယ် လုပ်ငန်း အပေါ် စစ်ဆေးခဲ့ပုံ အသေးစိတ် ကို ထွက်ဆိုပြီး စာရင်းစစ်အစီရင်ခံစာ ကို သက်သေခံ(ဆ)အဖြစ် တင်ပြ ထားသည် ကို တွေ့ရသည်။ ယင်းသက်သေခံ (ဆ) စာရင်းစစ်ဆေးချက် အစီရင်ခံစာ တွင် တရားလို နှင့် တရားပြိုင် တို့ အကြား ဆက်ဆံ ဆောင်ရွက်ခဲ့သည့် ရနိုင်သမျှစာရင်း ဇယား များ အရ စစ်ဆေးခဲ့ ကြောင်း တွေ့ရသည်။ ယင်းသက်သေခံ (ဆ) စာရင်းစစ်ဆေးချက် အစီရင်ခံစာ ပါ နောက်ဆက်တွဲဇယား (ခ) အရ တရားလို သည် တရားပြိုင်တို့ ထံ မှ ရရန် ရှိသည် မှာ ဆန်အိတ်(၁၀၁၆၅.၅) အိတ် နှင့် ငွေ (၂၉၁၀၄၀၅၃) ကျပ် ဖြစ်ကြောင်း ဖော်ပြပါရှိသည် ကို တွေ့ရသည်။ ယင်းစစ်ဆေးချက် အရ စာရင်းစစ်ဆေးခဲ့သူ ဦးဦးထွန်းသာ (လိုပြ-၁) က ရှင်းလင်း ထွက်ဆိုရာတွင် တရားပြိုင် (၃)ဦး ထံ မှ ရရန် ရှိသည်မှာ ဆန်အိတ်(၁၀၁၆၅.၅) အိတ် နှင့် ငွေ (၂၉၁၀၄၀၅၃) ကျပ် ဖြစ်ကြောင်း ဆန်အိတ်(၁၀၁၆၅.၅) အိတ် အား တစ်အိတ် လျှင် (၁၅၀၀၀)ကျပ် နှုန်း ဖြင့် တွက်ချက် ၍ တန်ဖိုး ငွေ (၁၅၂၄၇၅၀၀ဝ/-) ဖြစ်၍ ယင်းငွေ နှစ်ရပ် ပေါင်း ပါ က စုစုပေါင်း မှာ ငွေ (၄၄၃၅၁၅၅၃/-)ကျပ် ဖြစ်ကြောင်း ထွက်ဆိုထားသည် ကို တွေ့ရသည်။ တရားပြိုင် ဘက် မှ ပေးရန် ကျန်ရှိသည့် ဆန်အိတ် ဈေး နှင့် ပတ်သက်၍ တစုံတရာ တင်ပြ ထုချေခြင်း ထွက်ဆိုခြင်း လုံးဝ မရှိသည် ကို တွေ့ရသည်။ သို့ဖြစ်ရာ တရားလို ဘက် က တွက်ချက် သည့် ဆန်တစ်အိတ် တန်ဖိုး (၁၅၀၀၀ဝ/-) သည် ဖြစ်နိုင်ပြီး ကာလပေါက်ဈေး အရ သင့်တင့်သော

စစ်ဆေးပြီးမှန်ကန်ကြောင်း
တာဝန်ယူပါသည်။

တာဝန်ခံမိတ္တူမှန်

အခွင့်ရအရာရှိ

(ခင်မျိုးစန္ဒာ)
ဒုတိယဦးစီးမှူး
စစ်တွေခရိုင်တရားရုံး

ပုံ/ × × ×
(ကျော်စိုးဝင်း)
ဒုတိယခရိုင်တရားသူကြီး (၁)
စစ်တွေခရိုင်တရားရုံး

ဈေးနှုန်း ဖြစ်၍ ချေပခြင်း မပြုသည် ဟုသာ ယူဆရမည် ဖြစ်သည်။ တရားလို သည် တရားပြိုင်တို့ ထံ မှ စုစုပေါင်း ရရန် ရှိသည်မှာ ငွေ (၄၄၃၅၁၅၅၃/-) ကျပ် ဖြစ်သည် ဟုသာ ယူဆရမည် ဖြစ်သည်။

သို့ဖြစ်၍ တရားလို သည် တရားပြိုင်များသို့ ထုတ်ပေးသည့်ငွေများအနက် မှ ကျန်ငွေ (၄၄၃၅၁၅၅၃) ကျပ် အား တရားပြိုင်များထံမှ ရရန်ရှိသည် မှာမှန်ကန် ကြောင်း ငြင်းချက်ကို တရားလို ဘက် အသာပေးဖြေကြားလိုက်သည်။

ငြင်းချက်(၄)

တရားလို ရရှိထိုက်သည့် သက်သာခွင့် နှင့် စပ်လျဉ်း၍ သုံးသပ်ရသော် ငြင်းချက် (၁) (၂) (၃) တို့ ဖြေကြားချက် အရ တရားလို သည် တောင်းဆိုထားသည့် ငွေ (၄၄၃၅၁၅၅၃/-) ကျပ် ရရှိထိုက်မည် ဖြစ်ပေသည်။ တရားလို မှ သက်သာခွင့် တောင်းရာ တွင် ဖော်ပြပါ ငွေရပ် အပြင် တရားရုံး မှသတ်မှတ် သည့် အတိုး ကိုပါ ထည့်သွင်း တောင်းခံထားသည်။ လုပ်ငန်း အတူ လုပ်ကိုင်သော အမှု မျိုး တွင် အတိုးခွင့်ပြုရန်မှာ သင့်လျော်သော ကိစ္စ မဟုတ်ပေ။ သို့ဖြစ်၍ တရားလို တောင်းဆိုသည့် သက်သာခွင့် ရုံးအတိုး ကို ခွင့်ပြုရန် မဖြစ်နိုင်ပေ။ အမှု၌ တရားလို က ယခုရုံး သို့ လာရောက် ထုချေရှင်းလင်းသည့် တရားပြိုင် အပြင် ရုံးသို့ လာရောက်ရင်ဆိုင် ဖြေရှင်းခြင်း မရှိသည့် (၃)တရားပြိုင် ဦးအောင်ညွှန့်ဝင်း ကိုလည်း တရားပြိုင် အဖြစ် ထည့်သွင်း စွဲဆိုထားသည် ကို တွေ့ရသည်။ တရားလို ဒေါ်ချင်းမ က (၃)တရားပြိုင် ဦးအောင်ညွှန့်ဝင်း နှင့် ယခု တရားမမှု နှင့် ပတ်သက်ကြောင်း ဦးအောင်ညွှန့်ဝင်း သည် ငွေကြေး ပေးယူ ဆက်ဆံ မှု လုပ်ငန်း ပူးပေါင်း ဆောင်ရွက်မှု ရှိကြောင်း တစုံတရာ တင်ပြခြင်း မရှိသည် ကို တွေ့ရသည်။ သက်သေခံ (ဆ) စာရင်းစစ်ဆေးချက် အစီရင်ခံစာ ပါ နောက်ဆက်တွဲဇယား (ခ) တွင် လည်း ဦးလှဖော်သူ နှင့် မောင်ကျော်ဆန်း တို့ မှ ရရန်ကျန်ငွေ နှင့် ရရန် ပစ္စည်း စာရင်း ဟု ဖော်ပြထား သည်။ တရားလို က ရုံးရှေ့ ထွက်ဆိုရာ တွင်လည်း (၁)တရားပြိုင် ဦးလှဖော်သူ နှင့် (၂)တရားပြိုင် ဦးကျော်ဆန်း (ခ) ကျော်ဆန်းဝင်း တို့ နှင့် သာ ဆန်စပါး အရောင်းအဝယ် ပြုလုပ်ခြင်း ဖြစ်သည် ဟု ထွက်ဆိုထားသည် ကို တွေ့ရသည်။ သို့ဖြစ်ရာ (၃)တရားပြိုင် ဦးအောင်ညွှန့်ဝင်း သည် ယခု ပေးရန် ကျန်ရှိသည့် ကိစ္စ နှင့် ပတ်သက်သည် ဟု ယူဆ၍ ရနိုင်မည် မဟုတ်၍ ၎င်း အပေါ် ဒီကရီ ချမှတ်ရန် မဖြစ်နိုင်ချေ။

သို့ဖြစ်၍ (၃)တရားပြိုင် ဦးအောင်ညွှန့်ဝင်း အပေါ် စွဲဆိုမှု ကို ပလပ်ကြောင်း နှင့် (၁)တရားပြိုင် ဦးလှဖော်သူ နှင့် (၂)တရားပြိုင် ဦးကျော်ဆန်း (ခ) ကျော်ဆန်းဝင်း တို့ က တရားလို ဒေါ်ချင်းမ ထံ သို့ (၄၄၃၅၁၅၅၃/-) ကျပ် ( လေးရာ လေးဆယ့် သုံးသိန်း ငါးသောင်း တစ်ထောင် ငါးရာ ငါးဆယ့်သုံးကျပ်တိတိ) ကို ပေးဆပ်စေရန် စရိတ် နှင့် တကွ အနိုင်ဒီကရီ ချမှတ်ပေးလိုက်သည်။

ရှေ့နေခ (၅၀၀၀၀/-) သတ်မှတ်သည်။

(ကျော်စိုးဝင်း)
ဒုတိယခရိုင်တရားသူကြီး (၁)
စစ်တွေခရိုင်တရားရုံး

...စ်ဆေးပြီးမှန်ကန်ကြောင်း
...ဝန်ယူပါသည်။

...ဝန်ခံမိတ္တူမှန်

အခွင့်ရအရာရှိ

6.3.18
(ခင်မျိုးစန္ဒာ)
ဒုတိယဦးစီးမှူး
စစ်တွေခရိုင်တရားရုံး